# ASEAN-WIDE SELF-CERTIFICATION GUIDEBOOK

## (အာဆီယံဒေသတွင်းထုတ်လုပ်တင်ပို့သူ ကိုယ်တိုင်ပင်ရင်းထုတ်ကုန်ကြေညာသည့်စနစ်) လမ်းညွှန်စာအုပ်

The ASEAN Secretariat
Jakarta

The Association of Southeast Asian Nations (ASEAN) was established on 8 August 1967. The Member States are Brunei Darussalam, Cambodia, Indonesia, Lao PDR, Malaysia, Myanmar, Philippines, Singapore, Thailand and Viet Nam.
The ASEAN Secretariat is based in Jakarta, Indonesia.

For inquiries, contact:
The ASEAN Secretariat
Community Relations Division (CRD)
70A Jalan Sisingamangaraja
Jakarta 12110, Indonesia
Phone: (62 21) 724-3372, 726-2991
Fax: (62 21) 739-8234, 724-3504
E-mail: public@asean.org

Catalogue-in-Publication Data

ASEAN Wide Self-Certification (AWSC) Guidebook in Burmese Language
Jakarta, ASEAN Secretariat, December 2021

382.959
1. ASEAN – ATIGA – ROO
2. Trade – Rules of Origin – Export

ISBN 978-623-6945-67-4 (EPUB)

ISBN 978-623-6945-67-4 (EPUB)

ASEAN: A Community of Opportunities for All

Photos Credits:
Freepik: Covers (front and back), Pages 6, 31
Pixabay: Pages 22, 33

*This translated version is published by the ASEAN Secretariat with support from USAID.*
*The original English version of this publication is under the copyrights of the Association of Southeast Asian Nations, ASEAN Secretariat, Jakarta.*

The text of this publication may be freely quoted or reprinted, provided proper acknowledgement is given and a copy containing the reprinted material is sent to the Community Relations Division (CRD) of the ASEAN Secretariat, Jakarta.

General information on ASEAN appears online at the ASEAN Website: www.asean.org

Copyright Association of Southeast Asian Nations (ASEAN) 2021.
All rights reserved.

# မာတိကာ


အတိုကောက်များစာရင်း ........................................................................................ ၅

အပိုင်း၁ – အာဆီယံဒေသတွင်း ထုတ်လုပ်တင်ပို့သူကိုယ်တိုင် ပင်ရင်းထုတ်ကုန် ကြေညာသည့်စနစ် (AWSC) စီမံချက်ဆိုင်ရာ အကျဉ်းချုပ် .................................. ၆

၁။ မိတ်ဆက် ........................................................................................ ၆

၂။ အာဆီယံဒေသတွင်း ထုတ်လုပ်တင်ပို့သူကိုယ်တိုင် ပင်ရင်းထုတ်ကုန် ကြေညာသည့်စနစ် (AWSC) စီမံချက် ............................................................ ၈

၂.၁။ AWSC စီမံချက်အကောင်အထည်ဖော်မည့်လမ်းစဉ် .................................. ၈

၂.၂။ အာဆီယံဒေသတွင်းထုတ်လုပ်တင်ပို့သူကိုယ်တိုင်ပင်ရင်း ထုတ်ကုန်ကြေညာသည့်စနစ် စီမံချက် (AWSC) ........................................ ၁၀

၂.၃။ AWSC ၏ ကောင်းကျိုးများ ...................................................................... ၁၀

၂.၄။ AWSC အောက်တွင်အတည်ပြုပို့ကုန်တင်ပို့သူ (CE) ဖြစ်လာစေရန်လိုအပ်ချက်များ ................................................................ ၁၂

၂.၅။ အတည်ပြုပို့ကုန်တင်ပို့သူများ၏အခွင့်အရေးများနှင့်တာဝန်ဝတ္တရားများ ...... ၁၄

၃။ AWSC ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ............................................. ၁၆

၃.၁။ AWSC ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း....................................... ၁၆

၃.၂။ စစ်ဆေးအတည်ပြုခြင်းလုပ်ငန်းစဉ် .......................................................... ၁၈

၃.၃။ AWSC၊ ATIGA အီလက်ထရောနစ် – Form D နှင့် စာရွက်စာတမ်း အခြေခံ Form D တို့၏ မတူကွဲပြားမှုများ ........................... ၂၀

အပိုင်း ၂ – မေးလေ့ရှိသော မေးခွန်းများ ...................................................................... ၂၂

အပိုင်း ၃ – လုပ်ပိုင်ခွင့်ရ အာဏာပိုင်များ........................................................................ ၃၁

အပိုင်း ၄ – နောက်ဆက်တွဲများ ........................................................................ ၃၃

နောက်ဆက်တွဲ ၁ – ........................................................................................ ၃၄

နောက်ဆက်တွဲ ၁ – ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့တွင် အသက်ဝင်သည့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ပင်ရင်းဒေသထောက်ခံချက် ထုတ်ပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အသစ် (ATIGA ၏နောက်ဆက်တွဲ – ၈)

နောက်ဆက်တွဲ ၂ – ပင်ရင်းကြေညာချက်၏ ရည်ညွှန်းပုံစံနှင့် ကျောကပ်ပင်ရင်းကြေညာချက်

# အတိုကောက်များစာရင်း

| | |
|---|---|
| AEC | ASEAN Economic Community (အာဆီယံစီးပွားရေးအသိုက်အဝန်း) |
| AMS | ASEAN Member State(s) (အာဆီယံအဖွဲ့ဝင်နိုင်ငံများ) |
| ASEAN | အရှေ့တောင်အာရှနိုင်ငံများအသင်း |
| ASEC | The ASEAN Secretariat (အာဆီယံအတွင်းရေးမှူးချုပ်ရုံး) |
| ATIGA | ASEAN Trade in Goods Agreement (အာဆီယံကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ်) |
| AWSC | ASEAN-wide Self-Certification (အာဆီယံဒေသတွင်း ထုတ်လုပ်တင်ပို့သူ ကိုယ်တိုင် ပင်ရင်းထုတ်ကုန် ကြေညာသည့်စနစ်) |
| CE | Certified Exporter (အတည်ပြုပို့ကုန်တင်ပို့သူ) |
| CO | Certificate of Origin (ပင်ရင်းနိုင်ငံသက်သေခံ လက်မှတ်) |
| MFN | Most-Favoured Nation (အဖွဲ့ဝင်နိုင်ငံများအား တန်းတူအခွင့်အရေးပေး ခြင်း–MFN) |
| OCP | Operational Certification Procedure (ပင်ရင်းနိုင်ငံ ထောက်ခံချက်ထုတ် ပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ) |
| OD | Origin Declaration (ပင်ရင်းကြေညာချက်) |
| ROO | Rules of Origin (ပင်ရင်းနိုင်ငံစည်းမျဉ်းများ) |
| SAP | Strategic Action Plan (မဟာဗျူဟာမြောက် လုပ်ငန်းအစီအစဉ်) |
| SCPP | Self-Certification Pilot Project (ထုတ်လုပ်တင်ပို့သူကိုယ်တိုင် ပင်ရင်း ထုတ်ကုန်ကြေညာသည့်စနစ် ရှေ့ပြေးစီမံကိန်း) |

# အပိုင်း ၁

## အာဆီယံဒေသတွင်းထုတ်လုပ်တင်ပို့သူကိုယ်တိုင် ပင်ရင်းထုတ်ကုန် ကြေညာသည့်စနစ် (AWSC) စီမံချက်ဆိုင်ရာအကျဉ်းချုပ်





## ၁။ မိတ်ဆက်

၂၀၁၅ ခုနှစ်၌ အာဆီယံစီးပွားရေး အသိုက်အဝန်း (AEC) ကို တည်ထောင်ခဲ့ခြင်းသည် အာဆီယံရှိဒေသတွင်းစီးပွားရေးပူးပေါင်းမှုလုပ်ငန်းစဉ်၏အဓိကမှတ်တိုင်တစ်ခုဖြစ်ပြီး အမေရိကန်ဒေါ်လာ ၂.၆ထရီလီယံနှင့်လူပေါင်း၆၂၂သန်းကျော်ပါဝင်သောဈေးကွက်ကြီး တစ်ခုပုံစံဖြင့် အခွင့်အလမ်းများကို ပေးဆောင်ပါသည်။

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်နေ့တွင် မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူ၌ ကျင်းပသော (၂၇) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အာဆီယံခေါင်းဆောင်များ သဘောတူ လက်ခံခဲ့သည့် AEC စီမံချက်၂၀၂၅ တွင်၂၀၁၆ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ AEC အတွက် မဟာဗျူဟာမြောက်စီမံချက်များဖြင့် အကျယ်တဝင့် လမ်းညွှန်ချက်များကို ဖော်ပြထားပါသည်။ AEC စီမံချက် ၂၀၂၅ သည် ၂၀၂၅ ခုနှစ်ဘက်စုံ ပေါင်းစည်းထားပြီး စည်းလုံးစွာဖြင့် ပူးပေါင်းဆောင်ရွက်ကြသည့် ယှဉ်ပြိုင်လိုစိတ် ပြင်းပြသော ဆန်းသစ်တီထွင်အား ကောင်းမွန်လျက် တက်ကြွသည့် AEC တည်ရှိခြင်းဆိုင်ရာ မျှော်မှန်းချက် အောင်မြင်စေရန်အပြင်

ချိတ်ဆက်မှုကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မှု ပိုမိုကောင်းမွန်ကာ ကြံ့ကြံ့ခံနိုင်စွမ်း တိုးတက်လာပြီး အားလုံးပါဝင်သည့် ပြည်သူကိုရှေးရှုသော၊ ပြည်သူကိုဗဟိုပြုသော လူ့ဘောင်အသိုက်အဝန်းဖြစ်လာစေရေး၊ ကမ္ဘာ့စီးပွားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ရည်ရွယ်ခြင်း ဖြစ်ပါသည်။

AEC စီမံချက် ၂၀၂၅ တွင် AEC ၂၀၂၅ ၏ဝိသေသလက္ခဏာ (၅) ရပ်အောက်၌ မဟာဗျူဟာမြောက်စီမံချက်များကို သတ်မှတ်ဖော်ပြထားသည်။ စီမံချက် အကောင်အထည်ဖော်သည့် အစီအစဉ်ကို ဆောင်ရွက်ရန်အတွက် အဆိုပါမဟာဗျူဟာမြောက်စီမံချက်များကို အသေးစိတ်စီစဉ်ထားပြီး အာဆီယံအတွင်းရှိ ကဏ္ဍအလိုက်အဖွဲ့များ၏ လုပ်ငန်းအစီအစဉ်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

အာဆီယံကုန်စည်ကုန်သွယ်ရေးသဘောတူစာချုပ် (ATIGA) နှင့်အညီ အကောက်ခွန်ကင်းလွတ်ခွင့်ပေးခြင်းနှင့်ဆက်စပ်သော AEC စီမံချက် ၂၀၁၅ အစီအစဉ်များ အကောင်အထည်ဖော်ခြင်းနှင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးအစီအစဉ်များသည် ကုန်ပစ္စည်းများ ပိုမိုလွတ်လပ်စွာ စီးဆင်းမှုကို အထောက်အကူပြုလျက်ရှိသည်။ AEC ၂၀၂၅ တွင် ဒေသတွင်းကုန်စည်များ လွတ်လပ်စွာ စီးဆင်းနိုင်စေရန်အတွက် အာဆီယံသည် ကုန်သွယ်မှုကို ကြန့်ကြာစေသော စည်းမျဉ်းများနှင့် အဟန့်အတားများ ဖြစ်စေသည့် စည်းမျဉ်းများကို ဆက်လက်လျှော့ချခြင်း သို့မဟုတ် ဖယ်ရှားခြင်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

AEC ၂၀၂၅ မျှော်မှန်းချက်ကို လက်တွေ့အကောင်အထည်ဖော်ရန် အလို့ငှာ ကုန်သွယ်သည့် ကုန်စည်များအတွက် မဟာဗျူဟာမြောက်လုပ်ငန်းအစီအစဉ် (SAP) ၂၀၁၆–၂၀၂၅ သည် ကုန်စည်များ လွတ်လပ်စွာ စီးဆင်းမှုကို အခြေခံပန်းတိုင်အဖြစ် ဈေးကွက်နှင့် ကုန်ထုတ်လုပ်သည့်ဒေသတို့ကို ဆက်လက် အားဖြည့်ပေးလျက်ရှိသည်။ အာဆီယံသည် ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းသော ကုန်သွယ်မှုစနစ်များ ပေါ်ပေါက်ရေးအတွက် ကျန်ရှိသည့် ဒေသတွင်းကုန်သွယ်မှုအတားအဆီးများကို ဖယ်ရှားခြင်းနှင့် ATIGA ၏အခြေခံစည်းမျဉ်းများကို လိုက်နာခြင်းဖြင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အကျိုးကျေးဇူးများ ခံစားရရှိမည်ဖြစ်ကြောင်း ပိုမိုသိရှိနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

AWSC အစီအစဉ်သည် အသေးစိတ်လုပ်ငန်းအစီအစဉ်များ ၃.၂.၃ (အာဆီယံဒေသတွင်း ထုတ်လုပ်တင်ပို့သူကိုယ်တိုင် ပင်ရင်းထုတ်ကုန်ကြေညာသည့်စနစ်) အရ ပင်ရင်းနိုင်ငံစည်းမျဉ်းများအား အကောင်အထည်ဖော်ရာတွင် အားကောင်းလာစေရန် မဟာဗျူဟာမြောက် အစီအမံအောက်တွင် ရိုးရှင်းလွယ်ကူသော အစီအစဉ်များ ချမှတ်ထားပါသည်။

# ၂။ အာဆီယံဒေသတွင်း ထုတ်လုပ်တင်ပို့သူကိုယ်တိုင်ပင်ရင်း ထုတ်ကုန်ကြေညာသည့်စနစ် (AWSC) စီမံချက်

## ၂.၁။ AWSC စီမံချက်အကောင်အထည်ဖော်မည့်လမ်းစဉ်

ထုတ်လုပ်တင်ပို့သူကိုယ်တိုင် ပင်ရင်းထုတ်ကုန်ကြေညာသည့်စနစ် ဆောင်ရွက်ခြင်း ကနဦး အစီအစဉ်ကို ၂၀၀၉ ခုနှစ်၌ ကျင်းပခဲ့သော (၂၃) ကြိမ်မြောက် AFTA ကောင်စီ အစည်းအဝေးတွင်”ထုတ်လုပ်တင်ပို့သူကိုယ်တိုင်ပင်ရင်းထုတ်ကုန်ကြေညာသည့်စနစ် ဆောင်ရွက်ခြင်း စီမံချက်ရေးဆွဲရန် လုပ်ငန်းအစီအစဉ်” ပင်ရင်းထုတ်ကုန်ကြေညာချက်တို့နှင့်အတူ ဦးစွာ မိတ်ဆက်ခဲ့ခြင်းဖြစ်သည်။ အာဏာပိုင်များမှသာ ထုတ်ပေးခွင့်ရှိသော ပင်ရင်းနိုင်ငံသက်သေခံ လက်မှတ် (CO) ကိုလျှော့ချက်ထားနိုင်သည့်အပြင် ကုန်စည်တင်ပို့သူများ၊ ကုန်သည်များနှင့် ကုန်ထုတ်လုပ်သူများသည် ကုန်ပစ္စည်းများကို ထုတ်လုပ်တင်ပို့သူကိုယ်တိုင် ပင်ရင်းထုတ်ကုန်ဖြစ်ကြောင်း ကြေညာခွင့်ရှိမည်ဖြစ်သည်။ ထုတ်လုပ်တင်ပို့သူကိုယ်တိုင် ပင်ရင်းနိုင်ငံ ထောက်ခံချက်လက်မှတ်ထုတ်ပေးခြင်းစီမံချက်ကို အာဆီယံတွင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်း မရှိသေးသော်လည်း ထုတ်လုပ်တင်ပို့သူကိုယ်တိုင် ယုံကြည်ချက်ရှိရှိ လွယ်ကူစွာ ဆောင်ရွက်နိုင်ရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် ထုတ်လုပ်တင်ပို့သူကိုယ်တိုင် ပင်ရင်းထုတ်ကုန်ကြေညာသည့်စနစ် ရှေ့ပြေးစီမံကိန်း (SCPP) နှစ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် သဘောတူညီခဲ့သည်။

ပထမ SCPP ကို ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် အကောင်အထည်ဖော် ဆောင်ရွက်ရန် အလို့ငှာ ဘရူနိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့က ၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သည်။ အခြား

AMS အဖွဲ့ဝင် (၃) နိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံသည် ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်နေ့တွင်လည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့တွင်လည်းကောင်း၊ မြန်မာနိုင်ငံသည် ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့တွင်လည်းကောင်း ရှေ့ပြေးစီမံကိန်းသို့ ပါဝင်လာခဲ့ကြပါသည်။ အဆိုပါစီမံချက်အောက်၌ ကုမ္ပဏီ ၅၀၅ ခုတို့သည် အတည်ပြုပို့ကုန်တင်ပို့သူများ (CE) အဖြစ် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလမတိုင်မီ မှတ်ပုံတင်စာရင်းသွင်းခဲ့ကြသည်။ အဆိုပါရှေ့ပြေးစီမံကိန်းတွင် ကုန်ထုတ်လုပ်သူများနှင့် ကုန်တင်ပို့သူများက မည်သည့်ကုန်သွယ်ရေးစာရွက်စာတမ်းပေါ်တွင်မဆို ပင်ရင်းထုတ်ကုန်ဖြစ်ကြောင်း ကြေညာချက်များကို ထုတ်ပေးနိုင်သည်။ တတိယနိုင်ငံ ကုန်ရောင်းကြေညာလွှာကို ခွင့်ပြုပေးသည်။ ပထမ SCPP အကောင်အထည်ဖော်ဆောင်ရွက်ပြီးနောက် ဒုတိယ SCCP ကို အင်ဒိုနီးရှားနိုင်ငံ၊ လာအိုနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့က ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့တွင်လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၄ ခုနှစ်၊ဇန်နဝါရီလ ၁ ရက်နေ့တွင် အကောင်အထည်ဖော်ခဲ့ကာ ဗီယက်နမ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ကလည်း ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့နှင့် ၂၀၁၅ ခုနှစ်၊မေလ ၁ ရက်နေ့တွင် အသီးသီး လက်မှတ်ရေးထိုးခဲ့ကြသည်။ အဆိုပါစီမံချက်တွင် အတည်ပြုပို့ကုန်တင်ပို့သူ ၁၅၄ ဦးသည် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလမတိုင်မီ ပါဝင်ခဲ့ကြသည်။ ပထမ SCPP နှင့်မတူသည့် ဒုတိယရှေ့ပြေး စီမံကိန်းတွင် ကုန်ထုတ်လုပ်သူများကိုသာ ပင်ရင်းထုတ်ကုန် ကြေညာချက်များကို ထုတ်ပေးခွင့်ပြုပြီး တတိယနိုင်ငံ ကုန်ရောင်းကြေညာလွှာကို ခွင့်ပြုပေးခြင်းမရှိပါ။ SCPP များသည် ထောက်ခံချက်လက်မှတ်အမျိုးမျိုးထုတ်ပေးခြင်းလုပ်ငန်းစဉ်များ (OCP များ) ပါဝင်သော အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်သာ သက်ဆိုင်သည့် အာဆီယံဒေသတစ်ခုလုံး သက်ရောက်မှုရှိသောစနစ်တစ်ခုကို ဖန်တီးရန်လိုအပ်ပါသည်။ ယင်းကဲ့သို့ လုပ်ဆောင်ရန်အလို့ငှာ ATIGA ကိုပြင်ဆင်ရန်အတွက် အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံသည် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့တွင် First Protocol to amend the ATIGA ကို လက်မှတ်ရေးထိုးခဲ့သည်။ ထို့နောက် SCPP (၂) ခုတွင် ပါဝင်သည့် ပြဋ္ဌာန်းချက်များကို ပေါင်းစပ်ကာ ATIGA OCP ကို ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလတွင် ပြင်ဆင်ခဲ့ပါသည်။ First Protocol to amend the ATIGA ကို အာဆီယံ အဖွဲ့ဝင် (၁၀) နိုင်ငံလုံးမှ အတည်ပြုလက်မှတ်ရေးထိုးခဲ့ကြပြီး ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့တွင် စတင်အသက်ဝင်ခဲ့ပါသည်။ AWSC ကို အကောင်အထည်ဖော်ဆောင်ပြီးနောက်တွင် SCPP နှစ်ခုလုံးကို ရပ်ဆိုင်းခဲ့သည်။ ယခုအခါ အတည်ပြုပို့ကုန်တင်ပို့သူများသည် အာဆီယံ အဖွဲ့ဝင်နိုင်ငံအားလုံးသို့ ပင်ရင်းကြေညာချက် (OD) ကိုထုတ်ပေးနိုင်ပြီဖြစ်သည်။

## ၂.၂။ အာဆီယံဒေသတွင်း ထုတ်လုပ်တင်ပို့သူကိုယ်တိုင် ပင်ရင်းထုတ်ကုန်ကြေညာသည့်စနစ် (AWSC) စီမံချက်

AWSC သည် ATIGA အောက်ရှိ အကောက်ခွန်သက်သာခွင့်များကို အသုံးချကာ အာဆီယံအဖွဲ့ဝင် နိုင်ငံများအားလုံးရှိ အတည်ပြုပို့ကုန်တင်ပို့သူများက ၎င်းတို့၏ပို့ကုန်ကုန်စည်များကို ထုတ်လုပ် တင်ပို့သူကိုယ်တိုင် ပင်ရင်းထုတ်ကုန်ကြေညာနိုင်ခြင်းအားဖြင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေ သည့် ပဏာမခြေလှမ်းတစ်ရပ်ဖြစ်သည်။ CO Form D ကို သက်သေခံလက်မှတ်ထုတ်ပေးခွင့်ရှိသည့် အာဏာပိုင်ထံလျှောက်ထားမည့်အစား အတည်ပြုပို့ကုန် တင်ပို့သူသည် လုပ်ငန်းကုန်ပို့လွှာ သို့မဟုတ် ကျသင့်ငွေ တောင်းခံလွှာ၊ ကုန်ပို့အမှာစာ သို့မဟုတ် ကုန်ထုပ်ပိုးမှုစာရင်းကဲ့သို့သော အခြားကုန်သွယ်ရေး စာရွက်စာတမ်းများပေါ်တွင် OD ထုတ်ပေးနိုင်မည်ဖြစ်သည်။[၁]

## ၂.၃။ AWSC ၏ကောင်းကျိုးများ

AWSC ၏ ပိုမိုများပြားသောကောင်းကျိုးများသည် ပုဂ္ဂလိကစီးပွားရေးကဏ္ဍနှင့် အစိုးရစီးပွားရေးကဏ္ဍတို့ပေါ်တွင် ပိုမိုသက်ရောက်မှုရှိမည်ဖြစ်သည်။ ATIGA ပါကတိကဝတ်များကိုလက်တွေ့အသုံးချခြင်းအားဖြင့် AWSC သည် လျှောက်ထားခြင်းဆိုင်ရာ စီမံခန့်ခွဲမှုကုန်ကျစရိတ်များကို မကာမိသည့် အကောက်ခွန်ပေးဆောင်မှုများကြောင့် အမြတ်အစွန်းနည်းနိုင်သော အဖွဲ့ဝင်နိုင်ငံများအား တူညီအခွင့်အရေးပေးရန် (MFN) အကောက်ခွန်နှုန်းထားထက်နည်းသည့် ပင်ရင်းထုတ်ကုန်များအတွက် စာရွက်စာတမ်းပုံစံဖြင့် CO များကို လျှောက်ထားရန် ကုန်သည်များကို အားပေးရာရောက်ပါသည်။ စီမံချက်သည်ဒေသအတွင်း ကုန်သွယ်ရေးကို များစွာ လွယ်ကူချောမွေ့စေပြီး အဓိက အထောက်အကူပြုသည့် ATIGA ပါ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် လျှောက်ထားမှုကိုလည်း ပိုမိုရိုးရှင်းလွယ်ကူစေပါသည်။

အတည်ပြုပို့ကုန်တင်ပို့သူများအတွက် AWSC သည် ၎င်းတို့၏အလုပ်ပမာဏ၊ စီမံခန့်ခွဲရေးနှင့် လုပ်ငန်းဆောင်ရွက်မှုကုန်ကျစရိတ်များကို လျော့ကျစေပါသည်။ အတည်ပြု ပို့ကုန်တင်ပို့သူများသည် ၎င်းတို့မှတ်ပုံတင်ထားသောကုန်ပစ္စည်းများအတွက် CO လျှောက်ထားရန် အထောက်အကူပြုစာရွက်စာတမ်းများကို ပြင်ဆင်

[၁] ပိုမိုသိရှိနိုင်စေရန်အတွက် ATIGA လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာထောက်ခံချက်ပေးခြင်းလုပ်ငန်းစဉ်များ (OCP) စည်းမျဉ်း၁၂ခ (၂) ကိုကိုးကားပါ။

ပြီးတင်သွင်းရန်လိုအပ်တော့မည်မဟုတ်ပေ။ CO Form လျှောက်ထားခြင်းအတွက် ကုန်ကျစရိတ်နှင့် လုပ်ငန်းဆောင်ရွက်ရသည့် ကြာချိန်ကိုလည်း သိသိသာသာ လျော့နည်းသွားစေပါသည်။ အချုပ်အားဖြင့် အတည်ပြုပို့ကုန် တင်ပို့သူများသည် လုပ်ငန်းများ လွယ်ကူစွာ ဆောင်ရွက်နိုင်ပြီး အမြတ်အစွန်းများ ပိုမိုရရှိကာ ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်မှုကို အားပေးရာရောက်ပါသည်။

အတည်ပြုပို့ကုန် တင်ပို့သူအဖြစ် မှတ်ပုံတင်ထားသော ပို့ကုန်တင်ပို့သူများသည် မိမိတို့၏ ကုန်ပစ္စည်းများကို မိမိတို့ဘာသာ ထောက်ခံချက်ပေးနိုင်သောကြောင့် AWSC သည် ထောက်ခံချက် လက်မှတ်ထုတ်ပေးခွင့်ရှိသည့် အာဏာပိုင်များအတွက်လည်း လုပ်ငန်းစဉ်ကို လျော့နည်းစေပါသည်။

**ပုံ၁။ AWSC ကို အကောင်အထည်ဖော်ခြင်းဖြင့် ရရှိနိုင်သည့်အကျိုးကျေးဇူးများအနှစ်ချုပ်**



## ၂.၄။ AWSC အောက်တွင်အ တည်ပြုပို့ကုန်တင်ပို့သူ (CE) ဖြစ်လာစေရန် လိုအပ်ချက်များ

ATIGA OCP ၏စည်းမျဉ်း ၁ တွင် ဖော်ပြထားသည့်အတိုင်း CE ဟူသည်မှာ တင်ပို့သော ကုန်စည်၏ပင်ရင်းကြေညာချက် OD ကိုထုတ်ပေးရန် တရားဝင်ခွင့်ပြုချက်ရရှိထားသည့် တင်ပို့သူဟု အဓိပ္ပါယ်ရသည်။

စည်းမျဉ်း ၁၂ က (၁) အရ အတည်ပြုပို့ကုန်တင်ပို့သူတစ်ဦးသည် စာဖြင့်ရေးသား၍ သို့မဟုတ် အီလက်ထရောနစ်စနစ်ဖြင့် လျှောက်ထားရမည်ဖြစ်ပြီး ပင်ရင်းကြေညာချက် ထုတ်ပေးမည့် ကုန်ပစ္စည်းများ၏ ပင်ရင်းနိုင်ငံအခြေအနေကို စစ်ဆေးအတည်ပြုရန် လိုအပ်သော အာမခံချက်များ အားလုံးကို လုပ်ပိုင်ခွင့်ရှိသည့်အာဏာပိုင်အား ကျေနပ်လက်ခံသည်အထိ ပေးအပ်ရမည်ဖြစ်သည်။ လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်သည် အောက်ပါကိစ္စရပ်များ အပါအဝင် သင့်လျော်သည်ဟု ၎င်းတို့ ယူဆသောအခြေအနေများတွင် CE အဆင့်ကို ပေးအပ်မည်ဖြစ်သည်–

(က) အတည်ပြုပို့ကုန်တင်ပို့သူသည် ကုန်စည်တင်ပို့သည့် အဖွဲ့ဝင်နိုင်ငံဆိုင်ရာ ဥပဒေများ၊ စည်းမျဉ်းများနှင့်အညီ မှန်ကန်စွာ မှတ်ပုံတင်ထားရမည်၊

(ခ) ပင်ရင်းကြေညာချက်ကိုထုတ်ပေးရန် တာဝန်ရှိသည့်တရားဝင်ခွင့်ပြုချက်ရ လက်မှတ်ရေးထိုးသူများသည် တာဝန်ယူဆောင်ရွက်ရာ၌ သဘောတူစာချုပ်တွင် ဖော်ပြထားသော ပင်ရင်းနိုင်ငံစည်းမျဉ်းများကို သိရှိနားလည်ကြောင်း တင်ပို့သူက တာဝန်ယူရမည်ဖြစ်သည်၊

(ဂ) အတည်ပြုပို့ကုန်တင်ပို့သူသည် ကုန်စည်တင်ပို့သည့် အဖွဲ့ဝင် နိုင်ငံဆိုင်ရာ ဥပဒေများ၊ စည်းမျဉ်းများနှင့်အညီ ကုန်စည်တင်ပို့နိုင်သည့် လုပ်ငန်းအတွေ့အကြုံရှိရမည်၊

(ဃ) အတည်ပြုပို့ကုန်တင်ပို့သူသည် ကုန်စည်တင်ပို့သည့်အဖွဲ့ဝင် နိုင်ငံဆိုင်ရာ ဥပဒေများ၊ စည်းမျဉ်းများနှင့်အညီပင်ရင်းနိုင်ငံစည်းမျဉ်းကို လိမ်လည်ခဲ့သည့်မှတ်တမ်းမရှိရပါ၊

(င) အတည်ပြုပို့ကုန်တင်ပို့သူသည် ကုန်စည်တင်ပို့သည့်အဖွဲ့ဝင်နိုင်ငံရှိ လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်မှချမှတ်သည့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုကို လေးစားလိုက်နာရမည်၊

(စ) အတည်ပြုပို့ကုန်တင်ပို့သူ၊ ကုန်တင်ပို့သူတို့သည် ထုတ်လုပ်တင်ပို့သူကိုယ်တိုင် ပင်ရင်း သက်သေခံလက်မှတ်ပေးခြင်းပြုလုပ်ရမည့် ကုန်ပစ္စည်း၏ပင်ရင်းနိုင်ငံကို ဖော်ပြထားသော “Manufacturer’s declaration” ရှိရမည်ဖြစ်ပြီး ကုန်ထုတ်လုပ်သူသည် နောက်ကြောင်းပြန်အကျိုးသက်ရောက်မှုရှိသော စစ်ဆေးမှုနှင့်လိုအပ်ပါက လာရောက်စစ်ဆေး အတည်ပြုမှုတို့တွင် ပူးပေါင်းပါဝင်ရန် အဆင်သင့်ဖြစ်ရမည်ဖြစ်သည်၊

(ဆ) အတည်ပြု ပို့ကုန်တင်ပို့သူသည် ကုန်စည်တင်ပို့သည့် အဖွဲ့ဝင်နိုင်ငံဆိုင်ရာ ဥပဒေများ၊ စည်းမျဉ်းများနှင့်အညီ မှတ်တမ်းစာအုပ်ထားရှိခြင်းနှင့် မှတ်တမ်းသိမ်းဆည်းခြင်းစနစ်ရှိရမည်ဖြစ်သည်။

## ပုံ၂။ အတည်ပြုပို့ကုန်တင်ပို့သူအဆင့် အပ်နှင်းခြင်းဆိုင်ရာ စည်းမျဉ်းများ အကျဉ်းချုပ်

(က)
- ကုန်စည်တင်ပို့သည့် အဖွဲ့ဝင်နိုင်ငံတွင် မှတ်ပုံတင်ထားရမည်၊

(ခ)
- ATIGA ပါ ထုတ်လုပ်သည့်နိုင်ငံဆိုင်ရာ စည်းမျဉ်းများကို သိရှိ နားလည်ရမည်၊

(ဂ)
- အတွေ့အကြုံရင့် တင်ပို့သူ ဖြစ်ရမည်၊

(ဃ)
- ပင်ရင်းနိုင်ငံ စည်းမျဉ်းများအား လိမ်လည်မှုမှတ်တမ်း မရှိရပါ၊

(င)
- ဘေးအန္တရာယ်စီမံခန့်ခွဲမှုစည်းမျဉ်းများကို ကောင်းစွာ လေးစားလိုက်နာရမည်၊

(စ)
- ကုန်သည်သည် “ကုန်ထုတ်လုပ်သူ ထုတ်ပြန်ကြေညာချက်” ရှိရမည်ဖြစ်ပြီး နောက်ကြောင်းပြန် အကျိုးသက်ရောက်မှုရှိသော စစ်ဆေးမှုနှင့် စစ်ဆေးအတည်ပြုခြင်းတို့အတွက် အသင့်ဖြစ်ရမည်၊

(ဆ)
- ကောင်းမွန်သော မှတ်တမ်းစာအုပ်ထားရှိခြင်းနှင့် မှတ်တမ်းသိမ်းဆည်းခြင်းစနစ် ရှိရမည်။

အထက်ဖော်ပြပါအခြေအနေများအပြင် အခြားသောလိုအပ်ချက်များကိုလည်း အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံချင်းစီမှ တောင်းဆိုနိုင်ပါသည်။

လျှောက်ထားမှုအောင်မြင်ပါက လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်သည် OD ပြင်ဆင်ပြုလုပ်ရန် လိုအပ်သော ခွင့်ပြုချက်ကုဒ်အပါအဝင် ခွင့်ပြုစာကို CE ထံပေးအပ်မည်ဖြစ်သည်။ အဖွဲ့ဝင်နိုင်ငံများသည် စည်းမျဉ်း ၂ (၄) နှင့်အညီ အာဆီယံဒေသတွင်း ထုတ်လုပ်တင်ပို့သူကိုယ်တိုင် ပင်ရင်း ထုတ်ကုန်ကြေညာသည့်စနစ်ကို Database တွင် ရရှိထားသောခွင့်ပြုချက်ဆိုင်ရာ အချက်အလက်များကို ချက်ချင်းထည့်သွင်းရမည်ဖြစ်သည်။

## ၂.၅။ အတည်ပြုပို့ကုန်တင်ပို့သူများ၏အခွင့်အရေးများနှင့်တာဝန်ဝတ္တရားများ

CE များသည် OD များကိုထုတ်ပေးနိုင်ပြီး OD များကိုတင်သွင်းသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံ များရှိ အကောက်ခွန်အာဏာပိုင်များက လက်ခံလိုက်သည်နှင့် အဆိုပါ OD များဖြင့်ပံ့ပိုးပေး ထားသည့် မူရင်းကုန်ပစ္စည်းများသည် ATIGA အကောက်ခွန်သက်သာခွင့် လျှော့ချမှုအတွက် အကျုံးဝင်သွားမည်ဖြစ်သည်။

စည်းမျဉ်း၁၂က (၄) အရ CE တွင်အောက်ဖော်ပြပါတာဝန်ဝတ္တရားများရှိပါသည်–

(က) လုပ်ပိုင်ခွင့်အသုံးပြုခြင်းနှင့် ထုတ်ပေးသည့် ထုတ်ပြန်ကြေညာချက်များ၏ မှန်ကန်မှုအား စစ်ဆေးအတည်ပြုခြင်းကို စောင့်ကြည့်စစ်ဆေးရန်အတွက် မှတ်တမ်းများအား ကြည့်ရှု ခွင့်နှင့် အဆောက်အအုံနှင့် ၎င်း၏ဥပစာသို့ ဝင်ရောက်ခွင့်တို့ကို အာဏာပိုင်အား ခွင့်ပြုပေးရန်နှင့် ပင်ရင်းကြေညာချက် ထုတ်ပေးထားသည့် ကုန်ပစ္စည်းများ၏ ပင်ရင်း နိုင်ငံအခြေအနေကို ခွဲခြားဖော်ထုတ်ပြီး စစ်ဆေးအတည်ပြုရန်အတွက် တင်ပို့သည့် အဖွဲ့ဝင်နိုင်ငံ၏ ဥပဒေများ၊ စည်းမျဉ်းများနှင့်အညီ ထုတ်ပြန်ကြေညာချက် ထုတ်ပေးသည့်ရက်နေ့မှ အနည်းဆုံး (၃)နှစ်အတွင်း မှတ်တမ်းများနှင့် စာရင်းများကို ရယူ ခွင့်ပြုရမည်ဖြစ်သည်၊ [၂]

[၂] မှတ်တမ်းထိန်းသိမ်းထားရှိရေး လိုအပ်ချက်များနှင့်ပတ်သက်၍ ပိုမိုသိရှိနိုင်စေရန်အတွက် ATIGA OCP ၏ စည်းမျဉ်း ၁၇ ကို ကိုးကားပါ။

(ခ) အတည်ပြုပို့ကုန်တင်ပို့သူသည် ခွင့်ပြုချက်ရရှိထားသည့် ကုန်ပစ္စည်းများကိုသာ ပင်ရင်းကြေညာချက်အဖြစ် ထုတ်ပြန်ရန် အခွင့်အာဏာရှိပြီး၊ အဆိုပါ ကုန်ပစ္စည်းအတွက် အတည်ပြုပို့ကုန်တင်ပို့သူသည့် ပင်ရင်းထုတ်ကုန်အဖြစ် သတ်မှတ်ချက်ကိုက်ညီကြောင်း အတည်ပြုထားသည် သင့်လျော်သော စာရွက်စာတမ်းများနှင့်အတူ ပင်ရင်းကြေညာချက်ကို ထုတ်ပြန်ရန် ဖြစ်သည်၊

(ဂ) OCP ၏ စည်းမျဉ်း ၁၂ က (အတည်ပြုပို့ကုန်တင်ပို့သူ) အပိုဒ် ၂ တွင် ဖော်ပြထားသော စည်းမျဉ်းများအား ဆက်လက်လိုက်နာရန်၊

(ဃ) နောက်ကြောင်းပြန် အကျိုးသက်ရောက်မှုရှိသော စစ်ဆေးမှုများနှင့် လာရောက် စစ်ဆေး အတည်ပြုခြင်းများတွင် ပူးပေါင်းဆောင်ရွက်ရန်၊

(င) အလွဲသုံးစားပြုခြင်းအပါအဝင် ပြင်ဆင်ထားသော ပင်ရင်းကြေညာချက် များအားလုံးအတွက် အပြည့်အဝတာဝန်ယူရန်နှင့်

(စ) ဤနောက်ဆက်တွဲပါ စည်းမျဉ်း ၂ (၄) အောက်တွင် တင်သွင်းထားသော သတင်းအချက်အလက်များနှင့်ပတ်သက်သည့် ပြောင်းလဲမှုတစ်စုံတစ်ရာကို အာဏာပိုင်ထံ ချက်ချင်း အကြောင်းကြားရန်။

အတည်ပြုပို့ကုန်တင်ပို့သူများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာသွားရန် အလေးအနက်ထား ဖော်ပြထားပါသည်။

### ပုံ၃။ CE ၏တာဝန်ဝတ္တရားများအကျဉ်းချုပ်

**(က)**

- လုပ်ပိုင်ခွင့်အသုံးပြုခြင်းနှင့် ထုတ်ပေးသည့် ထုတ်ပြန်ကြေညာချက်များ၏ မှန်ကန်မှုအား စစ်ဆေးအတည်ပြုခြင်းကို စောင့်ကြည့်စစ်ဆေးရန်အတွက် မှတ်တမ်းများအား ကြည့်ရှုခွင့် (၃) နှစ်အထိ နှင့် ပင်ရင်းထုတ်ကုန်ကြေညာချက်ဆိုင်ရာ အမှားပြင်ဆင်ချက်များအား မှန်ကန်ကြောင်း အတည်ပြုပေးပါရန်၊

**(ခ)**

- CE သည် တရားဝင်ခွင့်ပြုထားသော ကုန်ပစ္စည်းများအတွက်သာ ပင်ရင်းကြေညာချက် ထုတ်ပေးရန်

**(ဂ)**

- OCP ၏ စည်းမျဉ်း ၁၂ က (အတည်ပြုပို့ကုန်တင်ပို့သူ) အပိုဒ် ၂ တွင် ဖော်ပြထားသော စည်းမျဉ်းများအား ဆက်လက်လိုက်နာရန်၊

**(ဃ)**

- နောက်ကြောင်းပြန်အကျိုးသက်ရောက်မှုရှိသော စစ်ဆေးမှုများနှင့် လာရောက်စစ်ဆေးအတည်ပြုခြင်းများတွင် ပူးပေါင်းဆောင်ရွက်ရန်၊

**(င)**

- အလွဲသုံးစားပြုခြင်း အပါအဝင် ပြင်ဆင်ထားသော ပင်ရင်းကြေညာချက်များအားလုံးအတွက် အပြည့်အဝ တာဝန်ယူရန်၊

**(စ)**

- တင်သွင်းထားသော အချက်အလက်များနှင့်ပတ်သက်သည့် ပြောင်းလဲမှုတစ်စုံတစ်ရာကို လုပ်ပိုင်ခွင့်ရအာဏာပိုင်ထံ ချက်ချင်းအကြောင်းကြားရန်၊

# ၃။ AWSC ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

## ၃.၁။ AWSC ကိုအကောင်အထည်ဖော်ဆောင်ရွက်ခြင်း

AWSC အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအကြောင်းကို တစ်ဖက်ပါအတိုင်း အကျဉ်းချုပ် ဖော်ပြအပ်ပါသည်–

**အဆင့် ၁ –** အတည်ပြုပို့ကုန်တင်ပို့သူသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ (AMS)၏ ဥပဒေများ၊ စည်းမျဉ်းများနှင့်အညီ CE အဆင့်ကို လျှောက်ထားရန် လိုအပ်သည်။ လျှောက်ထားမှုကို လက်ခံလိုက်သည်နှင့် တင်ပို့သူကို CE အဖြစ် တရားဝင် ခွင့်ပြုလိုက်ပါသည်။

**အဆင့် ၂ –** ထို့နောက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ(AMS) သည် CE များ၏ အချက်အလက်များကို AWSC CE Database တွင် လွှင့်တင်ဖော်ပြရပါမည်။[၃]

**အဆင့် ၃ –** CE သည် ATIGA အောက်တွင် ROO စံနှုန်းများကိုပြည့်မီသော ကုန်ပစ္စည်းများအတွက် OD များကို ပြင်ဆင်ပြုလုပ်ရမည်ဖြစ်သည်။[၄]

**အဆင့် ၄ –** CE သည် OD အား တင်သွင်းသူထံသို့ ပေးပို့ရမည်ဖြစ်သည်။

**အဆင့် ၅ –** ATIGA အကောက်ခွန်သက်သာခွင့်ကို ရရှိရန်အတွက် တင်သွင်းသူသည် OD အားတင်သွင်းသည့် AMS အဖွဲ့ဝင်နိုင်ငံရှိ အကောက်ခွန် အာဏာပိုင်ထံသို့ ပြသရမည်ဖြစ်သည်။

**အဆင့် ၆ –** တင်သွင်းသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံရှိ အကောက်ခွန်အာဏာပိုင်သည် CE Database မှတစ်ဆင့် တင်သွင်းသူတင်ပြသော OD မှန်ကန်ကြောင်းနှင့် အတည်ပြုပို့ကုန်တင်ပို့သူမှပြုလုပ်သော ကြေညာချက်မှန်ကန်ကြောင်း တို့ကိုစစ်ဆေးအတည်ပြုမည်ဖြစ်သည်။

**အဆင့် ၇ –** အဆိုပါ OD များသည် AWSC CE Database ရှိအချက်အလက်များနှင့် ကိုက်ညီပြီး ကြေညာချက်တစ်စုံတစ်ရာ မရှိပါက အကောက်ခွန်အာဏာပိုင်သည် OD ထုတ်ပေးထားသော ကုန်ပစ္စည်းများအတွက် ATIGA အကောက်ခွန်သက်သာခွင့်ကို ခံစားခွင့်ပြုပေးမည်ဖြစ်သည်။

တစ်ဖက်ပါလုပ်ငန်းစဉ်တွင် AWSC အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို အလေးအနက်ထားဖော်ပြထားသည်–

---

[၃] CE ဒေတာဘေ့စ်သည် CE များအား စစ်ဆေးအတည်ပြုရန်အလို့ငှာ ကောက်ခွန်နှင့်အာဏာပိုင်များ အသုံးပြုရန်သာ ရည်ရွယ်ခြင်းဖြစ်ပြီး တရားဝင် ကြေညာမည်မဟုတ်ပါ။

[၄] OD များ ပြင်ဆင်ပြုလုပ်နည်းနှင့်ပတ်သက်၍ အသေးစိတ် ပိုမိုသိရှိလိုပါက ATIGA OCP ပါ စည်းမျဉ်း ၁၂ ခ ကို ကိုးကားနိုင်ပါသည်။

ပုံ၄။ AWSC အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအနှစ်ချုပ်




## ၃.၂။ စစ်ဆေးအတည်ပြုခြင်းလုပ်ငန်းစဉ်

တင်သွင်းသည့်အာဆီယံအဖွဲ့ဝင်နိုင်ငံသည် ထုတ်ကုန်၏ပင်ရင်းနှင့်ပတ်သက်သော အချက်အလက်များအပေါ်စစ်ဆေးမှုလိုအပ်လျှင်သို့မဟုတ်စာရွက်စာတမ်းမှန်ကန်မှုရှိ/မရှိ သို့မဟုတ် သံသယရှိလျှင် သို့မဟုတ် မှန်ကန်မှုရှိ/မရှိ မေးမြန်းလိုသောအခါ တင်ပို့သည့် အာဆီယံအဖွဲ့ဝင်နိုင်ငံ၏ ထုတ်ပေးသောအာဏာပိုင်ထံသို့ တောင်းဆိုနိုင်ပါသည်။

တောင်းဆိုလာပါက တင်ပို့သည့် အာဆီယံအဖွဲ့ဝင်နိုင်ငံ၏ ထုတ်ပေးသော အာဏာပိုင်သည် တင်ပို့သည့်ရက်နေ့မှ (၆) လအတွင်း ကုန်ထုတ်လုပ်သူ/တင်ပို့သူ၏ ကုန်ကျစရိတ် တွက်ချက်မှုပေါ်တွင် နောက်ကြောင်းပြန်စစ်ဆေးမှု ပြုလုပ်မည်ဖြစ်သည်။

စစ်ဆေးနေသည့်ကာလတွင် တင်သွင်းသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံရှိ အကောက်ခွန် အာဏာပိုင်သည် သက်သာခွင့်ကို ဆိုင်းငံ့ထားမည်ဖြစ်သည်။ သို့သော်

ကုန်ပစ္စည်းများသည် တားမြစ်ကုန်စည်၊ ကန့်သတ်ကုန်စည် မဟုတ်ပါက သို့မဟုတ် တင်သွင်းသည့်နိုင်ငံ၏ဥပဒေ၊စည်းမျဉ်းများနှင့်ကိုက်ညီပါက တင်သွင်းသူထံသို့ အကောက်ခွန်သက်သာခွင့်ကို ပြန်လည်ပေးအပ်သွားမည်ဖြစ်သည်။

ခြွင်းချက်အနေဖြင့် တင်သွင်းသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံသည် နောက်ကြောင်းပြန်စစ်ဆေးမှုရလဒ်များအပေါ် ကျေနပ်ခြင်းမရှိပါက တင်ပို့သည့် အာဆီယံအဖွဲ့ဝင်နိုင်ငံထံသို့ လာရောက် စစ်ဆေးအတည်ပြုရန် တောင်းဆိုနိုင်သည်။

လာရောက်စစ်ဆေး အတည်ပြုခြင်းမပြုမီ တင်သွင်းသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံသည် အတည်ပြုပို့ကုန် တင်ပို့သူ/ထုတ်လုပ်သူ၊ တင်သွင်းသူနှင့် လာရောက်စစ်ဆေးမည့် နယ်မြေရှိ သက်ဆိုင်ရာ အာဏာပိုင်များထံ အကြောင်းကြားစာ ပေးပို့ရမည်ဖြစ်သည်။ တင်သွင်းသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံသည် ပင်ရင်းထုတ်ကုန်နှင့်ပတ်သက်သည့် စစ်ဆေးခံမည့်နေရာသို့ အတည်ပြု ပို့ကုန်တင်ပို့သူ/ထုတ်လုပ်သူ၏ ခွင့်ပြုချက်ဖြင့် စစ်ဆေးဆောင်ရွက်မည်ဖြစ်သည်။ တင်သွင်းသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံထံမှ အသိပေးစာအား အကြောင်းပြန်ကြားရန် ပျက်ကွက်ပါက အကောက်ခွန်သက်သာခွင့် ဆိုင်းငံ့ခံရနိုင်သည်။

လာရောက်စစ်ဆေး အတည်ပြုပြီးနောက် တင်သွင်းသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံသည် စစ်ဆေးခြင်းခံရသည့်ကုန်ပစ္စည်းများသည် ပင်ရင်းကုန်စည်ဖြစ်ကြောင်း သတ်မှတ်ချက်နှင့်ပြည့်မီကြောင်း အတည်ပြုစာကို သက်ဆိုင်ရာအဖွဲ့များအားလုံးထံ ပေးပို့ရမည်ဖြစ်သည်။ လာရောက်စစ်ဆေးခြင်း၏ ရလဒ်များကို စောင့်ဆိုင်းနေစဉ် အကောက်ခွန်သက်သာခွင့်ကို ဆိုင်းငံ့ထားနိုင်သည်။

AWSC စစ်ဆေးအတည်ပြုခြင်းလုပ်ငန်းစဉ်ဆိုင်ရာ လိုအပ်သော အချက်အလက်များကို ATIGA OCP ၏စည်းမျဉ်း ၁၈ နှင့် ၁၉ တွင်ဖော်ပြထားသည်။

## ၃.၃။ AWSC၊ ATIGA အီးလက်ထရောနစ်–Form D နှင့် စာရွက်စာတမ်းအခြေခံ Form D တို့၏ မတူကွဲပြားမှုများ

AWSC ကို အကောင်အထည်ဖော် ဆောင်ရွက်ပြီးသည်နှင့် ATIGA အီးလက်ထရောနစ်–Form D နှင့် စာရွက်စာတမ်းအခြေခံ Form D နှစ်မျိုးလုံးကို ဆက်လက်အသုံးပြုပါသည်။ အဆိုပါ ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ်များကို အတည်ပြုပို့ကုန်တင်ပို့သူ မှတ်ပုံတင် ဆောင်ရွက်ထားသူများနှင့် မဆောင်ရွက်ထားသူများအားလုံး အသုံးပြုနိုင်ပါသည်။[၅]

AWSC၊ ATIGA အီးလက်ထရောနစ်– Form D နှင့် စာရွက်စာတမ်းအခြေခံ Form D အောက်ရှိ OD များကြား အဓိကကွဲပြားချက်များကို တစ်ဖက်ဖော်ပြပါအတိုင်း အကျဉ်းချုပ်ထားပါသည်–

[၅] CO ဖောင်ပုံစံ D၊ အီး–ဖောင်ပုံစံ D တို့နှင့်ပတ်သက်၍ အသေးစိတ်ပိုမိုသိရှိလိုပါက ATIGA OCP ပါ စည်းမျဉ်း ၂၆–၃၁ ကို ကိုးကားပါ။

| အဓိက ကွဲပြားချက်များ | ပင်ရင်း ကြေညာချက် | အီလက်ထရောနစ်– Form D / Form D |
|---|---|---|
| ပင်ရင်းနိုင်ငံ သက်သေခံ လက်မှတ်အားထုတ်ပေးသူမှာ မည်သူနည်း။ | အတည်ပြုပို့ကုန် တင်ပို့သူများ (CE) | သက်သေခံလက်မှတ် ထုတ်ပေးခွင့် ရှိသည့် အာဏာပိုင်များ |
| ပင်ရင်းနိုင်ငံ သက်သေခံ လက်မှတ်ကိုထုတ်ပေးရန် ကြာချိန် | အလွန်မြန် | (၁) ရက်ခန့်အချိန် ကြာမြင့်နိုင်သည်။ |
| ပင်ရင်းနိုင်ငံ စည်းမျဉ်းများ (ROO) အကြောင်း CE များ / အတည်ပြုပို့ကုန် တင်ပို့သူများ၏ သိရှိနားလည်မှု | ROO နှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်ရန် လိုအပ် သည် | ROO နှင့် ပတ်သက်၍ အနည်းငယ် သိရှိနားလည်ရန် လိုအပ်သည် |
| CE များ / အတည်ပြုပို့ကုန်တင်ပို့သူများ၏ တာဝန်ဝတ္တရားများ သို့မဟုတ် လိုက်နာရမည့် စည်းကမ်းချက်များ | ATIGA OCP စည်းမျဉ်း ၁၂ က (၄) တွင် လမ်းညွှန်ထားသော သတ်မှတ်ချက်များကို လိုက်နာရန် | ATIGA OCP စည်းမျဉ်း၅၊ တင်ပို့သည့် အဖွဲ့ဝင်နိုင်ငံဆိုင်ရာ ပြည်တွင်းဥပဒေများ၊ စည်းမျဉ်းများနှင့်အညီ ထုတ်ပြန်ထားသော လိုအပ်သော စာရွက်စာတမ်းများ တင်ပြရန် |
| ပင်ရင်းနိုင်ငံသက်သေခံ လက်မှတ် ကုန်ကျစရိတ်များ | ကုန်ကျစရိတ် မရှိပါ | စီမံခန့်ခွဲရေး စရိတ် အချို့ ကျသင့်မည် ဖြစ်သည် |

# အပိုင်း ၂ –

## မေးလေ့ရှိသောမေးခွန်းများ




### အတည်ပြုပို့ကုန်တင်ပို့သူများ

**၁။ OD ကို အလွဲသုံးစားပြုခြင်းသည် CE ၏ အခွင့်အရေးကို ပြန်ရုပ်သိမ်းခံရသော CE အပေါ်သာ အဘယ်ကြောင့် အာရုံစိုက်ပါသနည်း။**

AWSC သည် တရားဝင် ခွင့်ပြုချက်ရရှိထားသော အတည်ပြုပို့ကုန်တင်ပို့သူများ အတွက် ထုတ်လုပ်တင်ပို့သူကို ပင်ရင်းထောက်ခံချက် လက်မှတ်ပေးခြင်း စီမံချက်ဖြစ်သည်။ ထို့ကြောင့် စည်းမျဉ်း ၁၂ ဃ (လုပ်ပိုင်ခွင့်ရုပ်သိမ်းခြင်း) သည် CE များအတွက်သာ သက်ရောက်မှုရှိသည်။

**၂။ CE မှပေးထားသော OD အား အလွဲသုံးစားပြုသည့် တင်သွင်းသူကို ဖမ်းမိလျှင် ၎င်းတွင် ဘာဖြစ်မည်နည်း။**

OD အား အလွဲသုံးစားပြုသော တင်သွင်းသူများအတွက် ပြစ်ဒဏ်များသည် ပြည်တွင်း ဥပဒေများ နှင့်အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံချင်းစီ၏ စည်းမျဉ်းများအတိုင်းဖြစ်သည်။ ပို၍အသေးစိတ်သိရှိလိုပါက အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံချင်းစီ၏ လုပ်ပိုင်ခွင့်ရှိသောအာဏာပိုင်များထံသို့ ဆက်သွယ်ပါ။

**၃။ AWSC စီမံချက်၏အကျိုးကျေးဇူးများကို ခံစားခွင့်ရရန်အတွက် တင်သွင်းသည့်နိုင်ငံရှိ တင်သွင်းသူသည် CE အဆင့်အတန်းရှိရန် လိုအပ်ပါသလား။**

မလိုအပ်ပါ၊ တင်သွင်းသည့်နိုင်ငံရှိ တင်သွင်းသူသည် CE အဆင့်အတန်းရှိရန်မလိုအပ်ပါ။

**၄။ အဖွဲ့အစည်းတစ်ခုက CE အဆင့်အတန်းအတွက် လျှောက်ထားရန် ဖြစ်နိုင်ပါသလား။**

ဖြစ်နိုင်ပါသည်။ အဖွဲ့အစည်းသည် ATIGA ၌ပါရှိသော ROO အတွက် OCP ၏ စည်းမျဉ်း ၁၂ က ရှိ စံသတ်မှတ်ချက်များ၊ တင်ပို့နေသော AMS အဖွဲ့ဝင်နိုင်ငံမှ ပြဋ္ဌာန်းထားသည့် ပြည်တွင်း စံသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိလျှင် လျှောက်ထားနိုင်ပါသည်။

## လုပ်ပိုင်ခွင့်ရှိသောအာဏာပိုင်များ

**၅။ CE ၏တာဝန်ဝတ္တရားနှင့်ပတ်သက်၍ လေးစားလိုက်နာမှုဆိုင်ရာ စာရင်းစစ်ဆေးခြင်းများကို မည်ကဲ့သို့သော အကြိမ်အရေအတွက်ဖြင့်ဆောင်ရွက်မည်နည်း။**

လေးစားလိုက်နာမှုဆိုင်ရာ စာရင်းစစ်ဆေးခြင်းအကြိမ်အရေအတွက်သည် အာဆီယံ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံချင်းစီ၏ ပြည်တွင်းဥပဒေများနှင့်စည်းမျဉ်းများအပေါ်တွင် မူတည်ပါသည်။

**၆။ CE လျှောက်ထားသူအနေဖြင့် OD ကို မထုတ်ပေးမီ ထုတ်ကုန်များကို လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်ထံသို့ ဦးစွာတင်ပြရန်/မှတ်ပုံတင်ရန် လိုအပ်ပါသလား။**

လိုအပ်ပါသည်။ CE သည် ထုတ်ကုန်များကို လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်များထံသို့ ဦးစွာ မှတ်ပုံတင်ရပါမည်။ CE သည် တရားဝင်လုပ်ပိုင်ခွင့်ရရှိထားသော ကုန်ပစ္စည်းများအတွက်သာ OD များကို ထုတ်ပေးရမည်ဖြစ်ပြီး ထိုသို့ထုတ်ပေးခြင်းအတွက် CE တွင် သက်ဆိုင်ရာ ကုန်ပစ္စည်း၏ ပင်ရင်းနိုင်ငံအခြေအနေကို အတည်ပြုထားသည့် လိုအပ်သော စာရွက်စာတမ်း အထောက်အထားများအားလုံးကိုရှိထားရမည်။ ATIGA OCP ၏ စည်းမျဉ်း ၁၂ က ရှိ အပိုဒ် ၄ (ခ) ကို ကိုးကားပါ–

*❝၄။ CE တစ်ဦးတွင် အောက်ဖော်ပြပါ တာဝန်ဝတ္တရားများရှိသည်–*

*(ခ) အတည်ပြုပို့ကုန်တင်ပို့သူမှ ခွင့်ပြုချက်ရရှိထားသည့် ကုန်ပစ္စည်းများနှင့် ပင်ရင်း ထုတ်ကုန်သက်သေခံလက်မှတ် ထုတ်ပေးချိန်၌ CE တွင် ပင်ရင်းထုတ်ကုန်နှင့် ပတ်သက်သော အတည်ပြုထားသည့်စာရွက်စာတမ်းအထောက်အထားများရှိသည့် ကုန်ပစ္စည်းများအတွက်သာ OD များကို ထုတ်ပေးရန်။❞*

## ORIGIN DECLARATION (ပင်ရင်းကြေညာချက်)

**၇။ မမှန်ကန်သော OD များကို မတော်တဆဖြစ်စေ၊ ရည်ရွယ်ချက်ရှိရှိဖြင့်ဖြစ်စေ ထုတ်ပေးခြင်းအတွက် သက်ရောက်မှုများ / ပြစ်ဒဏ်များသည် မည်သည်တို့နည်း။**

OCP ၏ စည်းမျဉ်း ၁၂ ဃ တွင် ပြဋ္ဌာန်းချက်အရ မမှန်ကန်သော OD များ ထုတ်ပေးခြင်းသည် လုပ်ပိုင်ခွင့် ရုပ်သိမ်းခံရနိုင်ပါသည်။ CE သည် စည်းမျဉ်း ၁၂ က (၁) တွင် ရည်ညွှန်းထားသည့် အာမခံချက်များကို မပေးတော့လျှင် စည်းမျဉ်း ၁၂ က (၂) တွင် ရည်ညွှန်းထားသည့် အခြေအနေများကို ဖြည့်ဆည်းမပေးတော့လျှင် သို့မဟုတ် တစ်နည်းအားဖြင့် လုပ်ပိုင်ခွင့်ကို အလွဲသုံးစား ပြုလုပ်ခဲ့လျှင် ၎င်း၏လုပ်ပိုင်ခွင့်ကို ရုပ်သိမ်းရပါမည်။ ထပ်တိုးပြစ်ဒဏ်များကို AMS အဖွဲ့ဝင်နိုင်ငံ၏ဥပဒေများနှင့် စည်းမျဉ်းများတွင် ပြဋ္ဌာန်းထားပါသည်။ ပို၍အသေးစိတ် သိရှိလိုပါက AMS အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံချင်းစီ၏ လုပ်ပိုင်ခွင့်ရအာဏာပိုင်ထံသို့ဆက်သွယ်ပါ။

**၈။ OD နှင့်သက်ဆိုင်သော အငြင်းပွားဖွယ်တစ်စုံတစ်ရာရှိပါက ထို OD အပေါ်တွင် အခြေခံထားသည့် ATIGA အကောက်ခွန်သက်သာခွင့်အတွက် တောင်းခံထားသောငွေကို အလိုအလျောက် ပယ်ဖျက်သွားမည်လား။ (သို့မဟုတ်) စိစစ်အတည်ပြုစစ်ဆေးခြင်း လုပ်ငန်းစဉ်ကို ဦးစွာလုပ်ခိုင်းမည်လား။**

တစ်ဖက်ပါ ATIGA OCP ၏ စည်းမျဉ်း ၁၃ ရှိ အပိုဒ် ၃ နှင့် ၄ ကို ကိုးကားပါ–

*“ ၃။ ODကိုတင်သွင်းသောအဖွဲ့ဝင်နိုင်ငံ၏အကောက်ခွန်အာဏာပိုင်မှ ပယ်ချလိုက်လျှင် အဆိုပါ OD ကို လုပ်ပိုင်ခွင့်ရအာဏာပိုင်ထံသို့ ရက်ပေါင်း (၆၀) ထက်မကျော်လွန်ဘဲ သတ်မှတ်ချိန်အတွင်း ပြန်လည် ပေးပို့ပေးမည်ဖြစ်သည်။ အကောက်ခွန်သက်သာခွင့်ကို ငြင်းပယ်ရခြင်းအား လုပ်ပိုင်ခွင့်ရအာဏာပိုင်ထံသို့ အချိန်နှင့် တစ်ပြေးညီ အကြောင်းကြားရမည်။*

*၄။ ဤစည်းမျဉ်း၏ အထက်ပါအပိုဒ် ၂ နှင့် ၃ တွင် ဖော်ပြထားသည့်အတိုင်း ပင်ရင်းထုတ်ကုန်သက်သေခံလက်မှတ်ကို လက်မခံပါက တင်သွင်းသောအဖွဲ့ဝင်နိုင်ငံသည် သက်သေခံလက်မှတ်ထုတ်ပေးခွင့်ရှိသော အာဏာပိုင် သို့မဟုတ် လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်မှ ထုတ်ပြန်ထားသည့် ရှင်းလင်းချက်များကို လက်ခံထည့်သွင်းစဉ်းစားပြီး ပင်ရင်းထုတ်ကုန် သက်သေခံလက်မှတ်အား ဦးစားပေး ဆောင်ရွက်ခွင့်ပြုရန်အတွက် လက်ခံနိုင်ခြင်း ရှိ၊ မရှိကို ထပ်မံ ဆုံးဖြတ်သင့်သည်။ အကြောင်းကြားရာတွင် တင်သွင်းသော အဖွဲ့ဝင်နိုင်ငံမှ တင်ပြထားသည့် အကောက်ခွန်သက်သာခွင့်အား ငြင်းပယ်ရသည့် အကြောင်းရင်းများကို အသေးစိတ်ပြည့်စုံစွာ ဖော်ပြရမည်။ ”*

ထပ်မံ၍ အသေးစိတ် သိရှိလိုပါက ATIGA OCP ၏ စည်းမျဉ်းများ ၁၆၊ ၁၈၊ ၁၉ တို့ကို ကိုးကားနိုင်ပါသည်။

**၉။ AMS အဖွဲ့ဝင်နိုင်ငံအားလုံးတွင် OD က လုပ်ငန်းကုန်ပို့လွှာပုံစံဖြင့် လက်ခံပါသလား။**

လက်ခံပါသည်။ ATIGA OCP ၏ ပူးတွဲတင်ပြချက် -၁ (လိုအပ်သောအချက်အလက်စာရင်း) အရ ပြဋ္ဌာန်းထားသော လိုအပ်သည့်အချက်အလက်များအားလုံးကိုစာရွက်စာတမ်းထဲတွင် ရရှိနိုင်လျှင် CE သည် လုပ်ငန်းကုန်ပို့လွှာ သို့မဟုတ် အခြားကုန်သွယ်ရေးဆိုင်ရာ စာရွက်စာတမ်းများ (ငွေတောင်းခံလွှာ၊ ကုန်ပို့အမှာစာ သို့မဟုတ် ကုန်ထုပ်ပိုးမှုစာရင်း) တွင် ပြုလုပ်နိုင်သော OD ကို တင်ပြရပါသည်။

တင်ပို့ချိန်တွင် လုပ်ငန်းကုန်ပို့လွှာကို မရရှိနိုင်မှသာလျှင် အခြားကုန်သွယ်မှုဆိုင်ရာ စာရွက်စာတမ်းများကို အသုံးပြုနိုင်သည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံမှ သဘောတူလက်ခံထားသော OD ၏ ရည်ညွှန်းပုံစံကို ဤနေရာတွင် ရရှိနိုင်သည်-

https://asean.org/storage/2012/05/SCAROO29_anx13_ag06.1.3c_Indicative-Format-of-Origin-Declaration-13-Mar-19-2.pdf

**၁၀။ လုပ်ငန်းကုန်ပို့လွှာမရှိလျှင် CE အနေဖြင့် အခြားကုန်သွယ်မှုဆိုင်ရာ စာရွက်စာတမ်းများတွင် OD ကို ထုတ်ပေးရန်ဖြစ်နိုင်ပါသလား။ သို့မဟုတ်လျှင် CE သည် ကုန်ထုပ်ပိုးမှုစာရင်းတွင် OD ကို ထုတ်ပေးသင့်ပါသလား။**

ATIGA OCP ၏ပူးတွဲတင်ပြချက် - ၁ (လိုအပ်သောအချက်အလက်စာရင်း) အရ ပြဋ္ဌာန်းထားသော လိုအပ်သည့်အချက်အလက်များအားလုံးကို စာရွက်စာတမ်းထဲတွင် ရရှိနိုင်လျှင် AWSC စီမံချက်အရ OD ကို လုပ်ငန်းကုန်ပို့လွှာ သို့မဟုတ် အခြားကုန်သွယ်မှုဆိုင်ရာ စာရွက်စာတမ်းများ (ငွေတောင်းခံလွှာ၊ ကုန်ပို့အမှာစာ သို့မဟုတ် ကုန်ထုပ်ပိုးမှုစာရင်း) တွင် ထုတ်ပေးနိုင်ပါသည်။ တင်ပို့ချိန်တွင် လုပ်ငန်းကုန်ပို့လွှာကို မရရှိနိုင်မှသာလျှင် အခြားကုန်သွယ်မှုဆိုင်ရာ စာရွက်စာတမ်းများကို အသုံးပြုနိုင်သည်။

AMS အဖွဲ့ဝင်နိုင်ငံမှ သဘောတူလက်ခံထားသော OD ၏ ရည်ညွှန်းပုံစံကို ဤနေရာတွင် ရရှိနိုင်သည်-

https://asean.org/storage/2012/05/SCAROO29_anx13_ag06.1.3c_Indicative-Format-of-Origin-Declaration-13-Mar-19-2.pdf

**၁၁။ AWSC စီမံချက်အရ ပြုလုပ်ထားသော OD ကို တင်သွင်းသောနိုင်ငံမှ လက်ခံကြောင်းသေချာအောင်မည်သို့ ဆောင်ရွက်ရမည်နည်း။**

အနည်းဆုံးအချက်အလက်လိုအပ်ချက် (ATIGA OCP ၏ပူးတွဲတင်ပြချက်-၁) အပါအဝင် ATIGA OCP နှင့်ကိုက်ညီနေသမျှကာလပတ်လုံး OD ကိုလက်ခံမည်ဖြစ်သည်။

အောက်ပါရည်ညွှန်းပုံစံကို OD အတွက် အသုံးပြုနိုင်ပါသည်–

https://asean.org/storage/2012/05/SCAROO29_anx13_ag06.1.3c_Indicative-Format-of-Origin-Declaration-13-Mar-19-2.pdf

**၁၂။ AWSC စီမံချက်အရ ကျောထောက်နောက်ခံပြုထုတ်ပေးသည့် OD ကို ထုတ်ပေးရန် CE ကို ခွင့်ပြုပါမည်လား။**

ခွင့်ပြုပါမည်။ CE သည် ATIGA OCP ၏စည်းမျဉ်း ၁၁ ရှိအပိုဒ် ၂ (ကျောထောက်နောက်ခံပြုထုတ်ပေးသည့်ပင်ရင်းကြေညာချက်)ကိုလိုက်နာနေသမျှကာလပတ်လုံး ကျောထောက်နောက်ခံပြုထုတ်ပေးသည့် ပင်ရင်းကြေညာချက် OD ကို ထုတ်ပေးနိုင်ပါသည်။

**၁၃။ တင်သွင်းသောနိုင်ငံများရှိ အာဏာပိုင်များသည် OD မူရင်းအထောက်အထား သို့မဟုတ် မိတ္တူမှန် သို့မဟုတ် စကန်ဖတ်ထားသောမိတ္တူကို လက်ခံပါသလား။**

OD စကန်ဖတ်ထားသောမိတ္တူကို လက်ခံခြင်းရှိ–မရှိသည် AMS အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံချင်းစီ၏ ပြည်တွင်းဥပဒေများနှင့် စည်းမျဉ်းများအပေါ်တွင် မူတည်သည်။ စင်ကာပူသည် OD မိတ္တူမှန် သို့မဟုတ် စကန်ဖတ်ထားသောမိတ္တူကို လက်ခံပါသည်။ ကုန်သည်များအနေဖြင့် အခြားသော အာဆီယံအဖွဲ့ဝင်နိုင်ငံအတွက် ပိုမိုသိရှိလိုပါက အကောက်ခွန်အာဏာပိုင်းများထံသို့ ဆက်သွယ်ရန် အကြံပြုပါသည်။

**၁၄။ ၂၀၂၀ ပြည့်နှစ်၊စက်တင်ဘာလ ၂၀ ရက်နေ့တွင် သို့မဟုတ် ထိုရက်နောက်ပိုင်း AWSC စီမံချက် စတင်အကျိုးသက်ရောက်ပြီးနောက်မှ ပို့ဆောင်မည့်နိုင်ငံသို့ ရောက်ရှိလာသည့် SCPP1 အရ OD သည် မည်ကဲ့သို့ဖြစ်မည်နည်း။**

SCPP1 သည် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့မှစ၍ အဆုံးသတ်ခဲ့ပြီဖြစ်သည်။ အတည်ပြုပို့ကုန်တင်ပို့သူများသည် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့ မတိုင်မီအထိ SCPP1 အရ OD ကို ထုတ်ပေးနိုင်ပါသည်။ SCPP1 အရ OD များသည် ထုတ်ပေးသည့်ရက်နေ့မှ (၁) နှစ် အထိသက်တမ်းရှိပါသည်။ ထို့ကြောင့် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင် ထုတ်ပေးထားသော OD သည် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့အထိ သက်တမ်း ရှိနေပါသည်။

အတည်ပြုပို့ကုန်တင်ပို့သူများအနေဖြင့် SCPP2 အတွက် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့အထိ SCPP2 အရ ကုန်ပို့လွှာထုတ်ပြန်ချက်ကို ထုတ်ပေးနိုင်ပါသည်။ SCPP1 နှင့် အလားတူ SCPP2 အရ ကုန်ပို့လွှာထုတ်ပြန်ချက်များသည် ထုတ်ပေးသည့်ရက်နေ့မှ (၁) နှစ်အထိ သက်တမ်းရှိပါသည်။

**၁၅။ AWSC စီမံချက်အရ OD သည် Form D သို့မဟုတ် အီလက်ထရောနစ်–Form D ကို အစားထိုးမည်လား။**

အစားမထိုးပါ။ CE များသည် AWSC OD၊ စာရွက်စာတမ်းအခြေခံ **Form D** သို့မဟုတ် အီလက်ထရောနစ်–**Form D** သို့မဟုတ် ၎င်းတို့အားလုံးကို အသုံးပြုရန် ရွေးချယ်နိုင်ပါသည်။

**၁၆။ CE များတွင် အီလက်ထရောနစ်–Form D၊ စာရွက်စာတမ်းအခြေခံ Form D သို့မဟုတ် AWSC အရ OD ကို အသုံးပြုမည်၊ မပြုမည်ကို ရွေးချယ်ပိုင်ခွင့်ရှိပါသလား။**

ရှိပါသည်။ CE များတွင် အီလက်ထရောနစ် – Form D၊ စာရွက်စာတမ်းအခြေခံ Form D သို့မဟုတ် AWSC အရ OD ကို အသုံးပြုမည်၊ မပြုမည်ကို ရွေးချယ်ပိုင်ခွင့်ရှိပါသည်။ သို့သော် ATIGA အီလက်ထရောနစ်–Form D သုံးစွဲခြင်းကို အားပေးနိုင်ရန်အတွက် မလေးရှားတွင် စာရွက်စာတမ်းအခြေခံ Form D ကို အသုံးမပြုတော့ပါ။ ပို၍ အသေးစိတ်သိရှိလိုပါက အာဆီယံ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံချင်းစီ၏ လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်ထံသို့ ဆက်သွယ်ပေးရမည်။

**၁၇။ HS ကုဒ်ဂဏန်း ၆ လုံး သို့မဟုတ် HS ကုဒ် ဂဏန်း ၈ လုံး AHTN ကုဒ်များ သို့မဟုတ် HS ကုဒ် ဂဏန်း ၁၀ လုံး စသည့်အမျိုးသားအကောက်ခွန်စာရင်းကုဒ်များ ကို ရွေးချယ်နိုင်ရန် CE ကို ခွင့်ပြုထားပါသလား။**

OD ရှိ HS ကုဒ် ဂဏန်း ၆ လုံး သို့မဟုတ် HS ကုဒ် ဂဏန်း ၈ လုံး AHTN ကုဒ်များသည် AWSC CE Database စနစ်တွင် မှတ်ပုံတင်ထားသည်နှင့်ကိုက်ညီလျှင် ထိုကုဒ်တစ်ခုခုကို ရွေးချယ်နိုင်ရန် ခွင့်ပြုထားပါသည်။

**၁၈။ AWSC စီမံချက်အရ ပြင်ပနိုင်ငံမှ ကုန်ပို့လွှာပေးပို့ခြင်း OD ကို ထုတ်ပေးရန်အတွက် CE ကို ခွင့်ပြုမည်လား။ ခွင့်ပြုလျှင် ကုန်ပို့လွှာကို CE မှ ထုတ်မပေးထားသည့်အတွက် CE သည် OD ကို မည်ကဲ့သို့ ဆောင်ရွက်သင့်သနည်း။**

ခွင့်ပြုပါသည်။ ကုန်ပို့ခြင်းသည် ATIGA OCP ၏စည်းမျဉ်း ၂၃ (ပြင်ပနိုင်ငံမှ ကုန်ပို့လွှာပေးပို့ခြင်း) နှင့်အညီ ပြင်ပနိုင်ငံမှ ကုန်ပို့လွှာပေးပို့ခြင်းဖြစ်လျှင် CE သည် အခြားကုန်သွယ်မှုဆိုင်ရာ စာရွက်စာတမ်းများ (ဥပမာ – ငွေတောင်းခံလွှာ၊ ကုန်ပို့အမှာစာ၊ ကုန်ထုပ်ပိုးမှုစာရင်း) တွင် ပင်ရင်းကြေညာချက် (OD) ကို ထုတ်ပေးနိုင်ပါသည်။

## တရားဝင်ခွင့်ပြုချက်ရလက်မှတ်ရေးထိုးသူများ

**၁၉။ ကုန်စည်ပေးပို့သူ သို့မဟုတ် အကောက်ခွန်ကိုယ်စားလှယ်တစ်ဦးက CE ကို ကိုယ်စားပြု၍ တရားဝင်ခွင့်ပြုချက်ရ လက်မှတ်ရေးထိုးသူအဖြစ် ဆောင်ရွက်နိုင်ပါသလား။**

ကုန်စည်ပေးပို့သူများ သို့မဟုတ် အကောက်ခွန်ကိုယ်စားလှယ်များကို CE များက ခန့်အပ်ထား လျှင် အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံချင်းစီ၏ ပြည်တွင်းဥပဒေများနှင့် စည်းမျဉ်းများကိုလိုက်၍ ၎င်းတို့သည် တရားဝင်ခွင့်ပြုချက်ရ လက်မှတ်ရေးထိုးသူများ အဖြစ် CE ကို ကိုယ်စားပြုနိုင်ပါသည်။

## အထွေထွေမေးခွန်းများ

**၂၀။ AWSC စီမံချက်သည်အာဆီယံဒေသတွင် မည်သည့်အချိန်၌ စတင်အကျိုး သက်ရောက်ခဲ့သနည်း။**

၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၀ ရက်။

## ၂၁။ နိုင်ငံတော်အဆင့် အလုပ်ရုံဆွေးနွေးပွဲများ စီစဉ်ပြုလုပ်ပေးမည်လား။

စီစဉ်ပြုလုပ်ပေးပါမည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံ အများစုသည် AWSC နိုင်ငံတော်အဆင့် အလုပ်ရုံ ဆွေးနွေးပွဲများကို စီစဉ်ပြုလုပ်ခဲ့ပါသည်။ ပို၍သိရှိလိုပါက မိမိနိုင်ငံရှိလုပ်ပိုင်ခွင့်ရအာဏာပိုင်များ သို့မဟုတ် SC AROO ၏ အဓိက ဆက်သွယ်ရမည့်ပုဂ္ဂိုလ်များထံသို့ ဆက်သွယ်နိုင်ပါသည်။

## ၂၂။ ထုတ်လုပ်တင်ပို့သူကိုယ်တိုင် ပင်ရင်းထုတ်ကုန်ကြေညာသည့်စနစ် ဆောင်ရွက်ပေးခြင်း လုပ်ငန်းစဉ်၏အဆင့်တိုင်းအတွက် အစိုးရအေဂျင်စီများမှ သဘောတူထားသော ပြန်လည်ပြင်ဆင်ချိန်တစ်ခုရှိပါသလား။

ATIGA OCP တွင် အောက်ပါတို့ပါဝင်သော အချိန်စာရင်းအစီအစဉ်တစ်ခုကို ပြဋ္ဌာန်းထားပါသည်–

(က) OD တစ်ခုသည် ထုတ်ပေးသည့်ရက်နေ့မှ ၁၂ လအထိ သက်တမ်းရှိပါသည်၊

(ခ) ပယ်ချလိုက်သော OD ကို တင်ပို့သည့်နိုင်ငံ၏ လုပ်ပိုင်ခွင့်ရအာဏာပိုင်ထံသို့ ရက်ပေါင်း (၆၀) အတွင်း ပြန်လည်ပေးပို့ရမည်၊

(ဂ) နောက်ကြောင်းပြန်စစ်ဆေးခြင်းအတွက် အချိန်ကာလ (၆) လ၊

(ဃ) လာရောက်စစ်ဆေးအတည်ပြုခြင်းအတွက် အချိန်ကာလ(၆)လနှင့်

(င) အာဆီယံအဖွဲ့ဝင်နိုင်ငံတိုင်းတွင် အတည်ပြုပို့ကုန်တင်ပို့သူများအနေဖြင့် လွတ်လပ်စွာ အချိန်၊ နေရာမရွေး လွယ်ကူစွာ မှတ်ပုံတင် ဆောင်ရွက်နိုင်ပါသည်။

နောက်ထပ်အသေးစိတ် သိရှိလိုပါက သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အေဂျင်စီများ သို့မဟုတ် လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်များထံသို့ ဆက်သွယ်နိုင်ပါသည်။

# အပိုင်း ၃

## လုပ်ပိုင်ခွင့်ရအာဏာပိုင်များ



## AWSC လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်များစာရင်း (၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့မတိုင်မီ အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ အကြောင်းကြားခဲ့သည့်အတိုင်း)

| အဖွဲ့ဝင်နိုင်ငံများ | လုပ်ပိုင်ခွင့်ရအာဏာပိုင်များ | အဖွဲ့ဝင်နိုင်ငံများ | လုပ်ပိုင်ခွင့်ရအာဏာပိုင်များ |
|---|---|---|---|
| ဘရူနိုင်း | ဘဏ္ဍာရေးနှင့်စီးပွားရေးဝန်ကြီးဌာန၊ကုန်သွယ်ရေးဌာနခွဲ<br>http://www.bdnsw.gov.bn | မြန်မာ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန<br>http://onlineco.myanmartradenet.com |
| ကမ္ဘောဒီးယား | စီမံကွပ်ကဲမှုကော်မတီ<br>https://nsw.gov.kh/ | ဖိလစ်ပိုင် | အကောက်ခွန်ဌာန<br>https://customs.gov.ph/ |

| အဖွဲ့ဝင် နိုင်ငံများ | လုပ်ပိုင်ခွင့်ရ အာဏာပိုင်များ | အဖွဲ့ဝင် နိုင်ငံများ | လုပ်ပိုင်ခွင့်ရ အာဏာပိုင်များ |
|---|---|---|---|
| **အင်ဒိုနီး ရှား** | နိုင်ငံရပ်ခြားကုန်သွယ်မှုဦးစီး ဌာန၊<br>ကုန်သွယ်ရေးဝန်ကြီးဌာန<br>https://e-ska.kemendag.go.id | **စင်ကာပူ** | စင်ကာပူအကောက်ခွန်<br>https://www.customs.gov.sg |
| **လာအို PDR** | စက်မှုလုပ်ငန်းနှင့်ကူးသန်း ရောင်းဝယ်<br>ရေးဝန်ကြီးဌာန<br>https://www.laonsw.net | **ထိုင်းနိုင်ငံ** | နိုင်ငံရပ်ခြားကုန်သွယ်မှုဌာန<br>http://self-cert.dft.go.th/self-cert/ |
| **မလေးရှား** | အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးနှင့် စက်မှု လုပ်ငန်းဝန်ကြီးဌာန<br>www.miti.gov.my | **ဗီယက်နမ်** | စက်မှုလုပ်ငန်းနှင့်ကုန်သွယ်ရေး ဝန်ကြီးဌာန<br>https://vnsw.gov.vn |

# အပိုင်း ၄

## နောက်ဆက်တွဲများ



နောက်ဆက်တွဲ ၁။ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့တွင် စတင်အသက်ဝင်သည့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ သက်သေခံ လက်မှတ် ထုတ်ပေးခြင်း လုပ်ငန်းစဉ်အသစ် (ATIGA ၏ နောက်ဆက်တွဲ ၈)

နောက်ဆက်တွဲ ၂။ မူလပင်ရင်း ကြေညာချက် လက်မှတ်၏ ရည်ညွှန်း ပုံစံနှင့် ကျောထောက်နောက်ခံပြု ထုတ်ပေးသည့် ပင်ရင်း နိုင်ငံ သက်သေခံလက်မှတ်

## နောက်ဆက်တွဲ ၈

### အခန်း ၃ အောက်ရှိ ပင်ရင်းနိုင်ငံစည်းမျဉ်းများအတွက် ပင်ရင်းနိုင်ငံ ထောက်ခံချက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (OPERATIONAL CERTIFICATION PROCEDURE)

ဤ ATIGA သဘောတူညီချက်၏ အခန်း ၃ တွင် ပါရှိသော ပင်ရင်းနိုင်ငံစည်းမျဉ်းများကို အကောင်အထည်ဖော်ခြင်းအတွက် ပင်ရင်းနိုင်ငံထောက်ခံချက်လက်မှတ် ထုတ်ပေးခြင်း၊ စိစစ် အတည်ပြုခြင်းနှင့်ပတ်သက်၍ အောက်ပါလုပ်ငန်းစဉ်များနှင့် သက်ဆိုင်သော စီမံခန့်ခွဲမှုများကို လိုက်နာရမည်။

### စည်းမျဉ်း(၁)
### အဓိပ္ပါယ်ဖွင့်ဆိုချက်များ

(က) ASW ဟူသည်မှာ PLF ၏ အပိုဒ်ခွဲ ၅ (က) အရ အာဆီယံပြတင်းတစ်ပေါက်ဟု အဓိပ္ပါယ်ရပါသည်၊

(ခ) ကျောထောက်နောက်ခံပြုထုတ်ပေးသည့် ပင်ရင်းနိုင်ငံထောက်ခံချက်ဟူသည်မှာ ပထမဆုံးတင်ပို့သောအဖွဲ့ဝင်နိုင်ငံမှထုတ်ပေးသည့် ကျောထောက်နောက်ခံပြုထုတ်ပေးသည့် ပင်ရင်းနိုင်ငံထောက်ခံချက်လက်မှတ်အပေါ်တွင် အခြေခံ၍ ကြားခံတင်ပို့သော အဖွဲ့ဝင်နိုင်ငံမှ ထုတ်ပေးသည်ပင်ရင်းနိုင်ငံ ထောက်ခံချက်လက်မှတ်ဟု အဓိပ္ပါယ်ရပါသည်၊

(ဂ) အတည်ပြုပို့ကုန်တင်ပို့သူ (CE) ဟူသည်မှာ တင်ပို့သော ကုန်စည်၏ ပင်ရင်းကြေညာချက်ကို ထုတ်ပေးရန် တရားဝင်ခွင့်ပြုချက်ရထားသည့် တင်ပို့သူဟု အဓိပ္ပါယ်ရသည်။

(ဃ) လုပ်ပိုင်ခွင့်ရှိသောအာဏာပိုင်ဟူသည်မှာ CE များကို လုပ်ပိုင်ခွင့်ပေးရန် ခန့်အပ်ထားသော တင်ပို့သည့်အဖွဲ့ဝင်နိုင်ငံ၏အစိုးရအာဏာပိုင်ဟုအဓိပ္ပါယ်ရပါသည်၊

(င) ပင်ရင်းနိုင်ငံ အီလက်ထရောနစ်သက်သေခံလက်မှတ် (အီလက်ထရောနစ်–Form D) ဟူသည်မှာ ATIGA အီလက်ထရောနစ် – Form D လုပ်ငန်းစဉ် သတ်မှတ်ချက်နှင့် သတင်းစကားအကောင်အထည်ဖော်မှု လမ်းညွှန်ချက်နှင့်အညီ တည်ဆောက်ထားသော ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ် (FormD) ဖြစ်ပြီး PLF ၏ အပိုဒ်ခွဲ ၉ တွင်ပြဋ္ဌာန်းထားသော လုံခြုံရေး စည်းကမ်းချက်များနှင့်အညီ ASW မှတစ်ဆင့် အဖွဲ့ဝင်နိုင်ငံများကြား အီလက်ထရောနစ် နည်းပညာဖြင့် တစ်ဆင့်ပေးပို့သည်၊

(စ) အတည်ပြုပို့ကုန်တင်ပို့သူဟူသည်မှာ ၎င်းကကုန်ပစ္စည်းတင်ပို့သော အဖွဲ့ဝင်နိုင်ငံတစ်ခု၏ နယ်နိမိတ်အတွင်းနေထိုင်သည့် သာမန် သို့မဟုတ် ဥပဒေအရ အခွင့်ရှိသူလူပုဂ္ဂိုလ်တစ်ဦး ဟုအဓိပ္ပါယ်ရပါသည်၊

(ဆ) တင်သွင်းသူဟူသည်မှာ ၎င်းကကုန်ပစ္စည်းတင်သွင်းသော အဖွဲ့ဝင်နိုင်ငံတစ်ခု၏ နယ်နိမိတ် အတွင်းနေထိုင်သည့် သာမန် သို့မဟုတ် ဥပဒေအရ အခွင့်ရှိသူ လူပုဂ္ဂိုလ်တစ်ဦးဟု အဓိပ္ပါယ်ရပါသည်၊

(ဇ) ထောက်ခံချက်ထုတ်ပေးခွင့်ရှိသော အာဏာပိုင်ဟူသည်မှာ ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ် (Form D) ကိုထုတ်ပေးရန် ခန့်အပ်ထားသော ဤနောက်ဆက်တွဲနှင့်အညီ အခြားအဖွဲ့ဝင်နိုင်ငံများအားလုံးထံသို့ အကြောင်းကြားသော တင်ပို့သည့်အဖွဲ့ဝင်နိုင်ငံ၏ အစိုးရအာဏာပိုင်ဟု အဓိပ္ပါယ်ရပါသည်၊

(ဈ) NSW ကို PLF ၏ အပိုဒ်ခွဲ ၅ (ဂ) တွင် အမျိုးသားပြတင်းတစ်ပေါက်ဟု အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်၊

(ည) ပင်ရင်းကြေညာချက်ဟူသည်မှာ စည်းမျဉ်း ၁၂ ခ နှင့်အညီ CE မှ ပြုလုပ်ပေးထားသော တင်ပို့သည့်ပစ္စည်း၏ပင်ရင်းနိုင်ငံကို ထုတ်ပြန်ကြေညာပေးခြင်းဟု အဓိပ္ပါယ်ရပါသည်၊

(ဋ) PLF ဟူသည်မှာ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ(၄) ရက်နေ့တွင် ဗီယက်နမ်နိုင်ငံ၊ ဟန္နိုင်းမြို့တွင်ပြုလုပ်ခဲ့သော အာဆီယံပြတင်းတစ်ပေါက်ကို အကောင်အထည်ဖော်ရန်အတွက် တရားဝင်အခြေခံမှုဘောင်ဆိုင်ရာ လုပ်ထုံးလုပ်နည်းဟု အဓိပ္ပါယ်ရပါသည်၊

(ဌ) ထုတ်လုပ်သူဟူသည်မှာ ဤသဘောတူညီချက် အပိုဒ်ခွဲ ၂၅ (ည) တွင် ပြဋ္ဌာန်းထားသည့်အတိုင်း အဖွဲ့ဝင်နိုင်ငံတစ်ခု၏ နယ်နိမိတ်အတွင်း၌ ကုန်ထုတ်လုပ်မှုကို ဆောင်ရွက်သော သာမန် သို့မဟုတ် ဥပဒေအရ အခွင့်ရှိသူ လူပုဂ္ဂိုလ်တစ်ဦးဟု အဓိပ္ပါယ်ရပါသည်၊

(ဍ) ပင်ရင်းနိုင်ငံထောက်ခံချက်လက်မှတ်ဟူသည်မှာ တင်ပို့သည့်ကုန်ပစ္စည်းသည် ဤသဘောတူညီချက်၏ အခန်း(၃) တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ပင်ရင်းနိုင်ငံ၏စည်းကမ်းချက်များဆိုင်ရာ စည်းမျဉ်းများနှင့်ကိုက်ညီသည်ဟု တရားဝင်ထုတ်ပြန်ထားသော စာရွက်စာတမ်းဟု အဓိပ္ပါယ်ရပါသည်။

## စည်းမျဉ်း ၁ က
## ပင်ရင်းနိုင်ငံထောက်ခံချက်လက်မှတ်

ပင်ရင်းနိုင်ငံထောက်ခံချက်လက်မှတ်သည် ဤပုံစံ ဖြစ်နိုင်ပါသည်–

၁။ ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ် (Form D)၊

၂။ ပင်ရင်းနိုင်ငံ အီလက်ထရောနစ် သက်သေခံလက်မှတ် (အီလက်ထရောနစ် – Form D)၊ သို့မဟုတ်

၃။ ပင်ရင်းကြေညာချက်၊

## စည်းမျဉ်း ၂

### ထောက်ခံချက်လက်မှတ်ထုတ်ပေးခွင့်ရှိသော အာဏာပိုင်၏နမူနာလက်မှတ်များ၊ တရားဝင်တံဆိပ်တုံးများနှင့် အာဆီယံထုတ်လုပ်တင်ပို့သူကိုယ်တိုင် ပင်ရင်းထုတ်ကုန်ကြေညာချက်ဆိုင်ရာ အချက်အလက်

၁။ အဖွဲ့ဝင်နိုင်ငံတိုင်းသည် ထောက်ခံချက်လက်မှတ် ထုတ်ပေးခွင့်ရှိသော အာဏာပိုင်၏ အမည်စာရင်း၊ လိပ်စာများ၊ နမူနာလက်မှတ်များနှင့် တရားဝင်တံဆိပ်တုံးများ၏နမူနာကို အခြားအဖွဲ့ဝင်နိုင်ငံများထံ စကန်ဖတ်ထားသော မိတ္တူပုံစံဖြင့် ဖြန့်ဝေရန်အတွက် အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှတစ်ဆင့် မိတ္တူမှန်နှင့် စကန်ဖတ်ထားသော မိတ္တူပုံစံနှစ်မျိုးဖြင့် ပေးပို့ရမည်။ ဖော်ပြပါစာရင်းတွင် ပြောင်းလဲမှုတစ်စုံတစ်ရာရှိလျှင် အလားတူပုံစံဖြင့် ချက်ချင်း တင်ပြရမည်။

၂။ ထောက်ခံချက်လက်မှတ်ထုတ်ပေးခွင့်ရှိသော အာဏာပိုင်၏ နမူနာလက်မှတ်များနှင့် တရားဝင်တံဆိပ်တုံးများကို အာဆီယံအတွင်းရေးမှူးချုပ်ရုံးက စုဆောင်း၍နှစ်စဉ် မွမ်းမံပြင်ဆင်ရမည်။ အပိုဒ် (၁) ရှိ ရည်ညွှန်းချက်စာရင်း၌ မပါရှိသည့်တာဝန်ရှိသူ တစ်ဦးက ထုတ်ပေးသော ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် (Form D) မည်သည့်လက်မှတ်ကိုမဆို အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အသိအမှတ်ပြု လက်ခံခြင်းမပြုရပါ။

၃။ အပိုဒ် (၁) နှင့် (၂) တွင် ဖော်ပြထားသော အကြောင်းအရာများရှိသော်လည်း အဖွဲ့ဝင်နိုင်ငံ တစ်ခုသည် ပင်ရင်းနိုင်ငံအီလက်ထရောနစ် သက်သေခံလက်မှတ် (အီလက်ထရောနစ်– Form D) ကိုသာ ထုတ်ပေးလျှင် ထိုအဖွဲ့ဝင်နိုင်ငံသည် ထောက်ခံချက်လက်မှတ်ထုတ်ပေးခွင့်ရှိသောအာဏာပိုင်၏ နမူနာ လက်မှတ်များနှင့် တရားဝင်တံဆိပ်တုံးများ၏ နမူနာစာရင်းကို အခြားအာဆီယံ အဖွဲ့ဝင်နိုင်ငံများသို့ ပေးအပ်ရန်မလိုပါ။

၄။ အတည်ပြုပို့ကုန်တင်ပို့သူ မှတ်ပုံတင်ရရှိပြီးပါက အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံချင်းစီသည် အာဆီယံဒေသတွင်း ထုတ်လုပ်တင်ပို့သူကိုယ်တိုင် ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ် ကြေညာခြင်း အချက်အလက်တွင် တစ်ဖက် ပါတို့ကို ချက်ချင်း ထည့်သွင်းရမည်ဖြစ်သည်–

(က) ကုမ္ပဏီ၏တရားဝင်အမည်နှင့်လိပ်စာ၊

(ခ) CE တရားဝင်ခွင့်ပြုကုဒ်၊

(ဂ) သက်ဆိုင်ရာ CE ခွင့်ပြုချက်ထုတ်ပေးသော ရက်စွဲနှင့် သက်တမ်းကုန်သော ရက်စွဲ၊

(ဃ) ဂဏန်းခြောက်လုံးဖြင့် ထုတ်ကုန်အသေးစိတ်ဖော်ပြချက် HS သို့မဟုတ် AHTN ကုဒ်/များအပါအဝင် ခွင့်ပြုချက်တွင် ဖော်ပြထားသော ထုတ်ကုန်များ၏ စာရင်း[၁]နှင့်

(င) ကုမ္ပဏီတစ်ခုလျှင် (၁၀) ယောက်ထက်မပိုသော တရားဝင်ခွင့်ပြုချက်ရ လက်မှတ်ရေးထိုးသူများနှင့် ၎င်းတို့၏သက်ဆိုင်ရာလက်မှတ်နမူနာများ စာရင်း။

အထက်ပါ အပိုဒ်ခွဲ (က) မှ (င) တွင် ပြောင်းလဲမှု တစ်စုံတစ်ရာရှိလျှင် အလားတူပုံစံဖြင့် ချက်ချင်း ထည့်သွင်းရမည်ဖြစ်သည်။ ခွင့်ပြုချက် ရုပ်သိမ်းခြင်း သို့မဟုတ် ဆိုင်းငံ့ခြင်းကိုလည်း အလားတူပုံစံဖြင့် ထည့်သွင်းပေးရမည်ဖြစ်သည်။

၅။ အာဆီယံအတွင်းရေးမှူးချုပ်ရုံးသည် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အွန်လိုင်းမှအသုံးပြုနိုင်သော အာဆီယံထုတ်လုပ်တင်ပို့သူကိုယ်တိုင် ပင်ရင်းထုတ်ကုန်ကြေညာသည့်အချက်အလက်ကို ထိန်းသိမ်းစောင့်ရှောက်သူဖြစ်သည်။

၆။ အချက်အလက်တွင် မပါဝင်သည့် အတည်ပြုပို့ကုန်တင်ပို့သူ သို့မဟုတ် လက်မှတ်ထိုးသူက ထုတ်ပေးသော သို့မဟုတ် အချက်အလက်တွင် မပါဝင်သည့် ထုတ်ကုန်တစ်ခုအတွက် မည်သည့်ပင်ရင်းနိုင်ငံထုတ်ပြန်ချက်ကို မဆို လက်ခံမည့်အဖွဲ့ဝင်နိုင်ငံအနေဖြင့် အသိအမှတ်ပြုလက်ခံခြင်းမပြုရပါ။

---

[၁] အာဆီယံဒေသတွင်းထုတ်လုပ်တင်ပို့သူကိုယ်တိုင် ပင်ရင်းထုတ်ကုန်ကြေညာစနစ်ကို အကောင်အထည်ဖော်ဆောင်သည့်နေ့မှ (၂) နှစ်ကြာပြီးနောက် ဤသတ်မှတ်ချက်ကို ထိန်းသိမ်းထားရန် လိုမလို ပြန်လည်သုံးသပ်ရမည်။

## စည်းမျဉ်း ၃
### လိုအပ်သောစာရွက်စာတမ်း အထောက်အထားများ

၁။ ပင်ရင်းနိုင်ငံဖြစ်ကြောင်း သတ်မှတ်ပေးရန်အတွက် ထောက်ခံချက်လက်မှတ်ထုတ်ပေးခွင့် ရှိသောအာဏာပိုင် သို့မဟုတ် လုပ်ပိုင်ခွင့်ရအာဏာပိုင်တွင် လိုအပ်သောစာရွက်စာတမ်း အထောက်အထားများအတွက်တောင်းဆိုရန် သို့မဟုတ် အဖွဲ့ဝင်နိုင်ငံ၏ သက်ဆိုင်ရာ ဥပဒေများ၊ စည်းမျဉ်းများနှင့်အညီ မှန်ကန်စွာ စစ်ဆေးရန်အခွင့်ရှိသည်။

၂။ အဖွဲ့ဝင်နိုင်ငံ၏ ဥပဒေများ၊ စည်းမျဉ်းများနှင့်အညီ မှန်ကန်စွာ စစ်ဆေးဆောင်ရွက်ရန်အတွက် ပင်ရင်းနိုင်ငံထောက်ခံချက်လက်မှတ်နှင့်သက်ဆိုင်သောစကန်ဖတ်ထားသည့် စာရွက်စာတမ်း၊ လိုအပ်သောအထောက်အထားများ တင်ပြကြရန် အဖွဲ့ဝင်နိုင်ငံများကို တိုက်တွန်းထားပါသည်။

## စည်းမျဉ်း ၄
### တင်ပို့ခြင်းမပြုမီ စစ်ဆေးခြင်း

၁။ ထုတ်လုပ်သူနှင့် သို့မဟုတ် အတည်ပြုပို့ကုန်တင်ပို့သူ သို့မဟုတ် ၎င်း၏တရားဝင် ခွင့်ပြုချက်ရ ကိုယ်စားလှယ်သည် အဖွဲ့ဝင်နိုင်ငံ၏ ဥပဒေများ၊ စည်းမျဉ်းများနှင့်အညီ ပင်ရင်းနိုင်ငံ ထောက်ခံချက်လက်မှတ်ထုတ်ပေးရန်အတွက် သို့မဟုတ် CE အဖြစ် ကုန်ပစ္စည်း ထုတ်လုပ်သည့် ပင်ရင်းနိုင်ငံ သို့မဟုတ် CE အဆင့်အတန်းကို တင်ပို့ခြင်းမပြုမီ စစ်ဆေးမှုပြုလုပ်ပေးရန် တောင်းဆိုရန်အတွက် ထောက်ခံချက်လက်မှတ်ထုတ်ပေးခွင့်ရှိသောအာဏာပိုင် သို့မဟုတ် လုပ်ပိုင်ခွင့်ရအာဏာပိုင်ထံသို့ လျှောက်ထားရမည်ဖြစ်သည်။ ထို့နောက် ပုံမှန် သို့မဟုတ် အခါအားလျော်စွာ လိုအပ်သည့်အချိန်တို့တွင် ပြန်လည်သုံးသပ် စစ်ဆေးသွားမည်ဖြစ်ပြီး ရရှိလာသောရလဒ်ကို တင်ပို့မည့်ကုန်ပစ္စည်း ပင်ရင်းနိုင်ငံ သတ်မှတ်ရာတွင် အထောက်အကူပြု သက်သေအဖြစ် လက်ခံရမည်ဖြစ်သည်။ တင်ပို့ခြင်းမပြုမီစစ်ဆေးခြင်းသည် ပုံမှန်အားဖြင့် ပင်ရင်းနိုင်ငံ၏ ကုန်ပစ္စည်းအတွက် ပင်ရင်းနိုင်ငံဖြစ်ကြောင်း သတ်မှတ်မှုအပေါ် သက်ရောက်မှုမရှိပါ။

၂။ ပြည်တွင်းတွင် ဝယ်ယူသောပစ္စည်းများအတွက် ကုန်ပစ္စည်း၏ ပင်ရင်းနိုင်ငံဖြစ်ကြောင်း သတ်မှတ်ရာတွင် ဤသဘောတူညီချက်အရ တင်ပို့ သည့် နောက်ဆုံးထုတ်လုပ်သူ၏ ထုတ်လုပ်တင်ပို့သူကိုယ်တိုင် ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ်ကို အခြေခံအချက်တစ်ခုအဖြစ် အသုံးပြုရမည်။

## စည်းမျဉ်း ၅
## ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် (Form D) လျှောက်ထားခြင်း

၁။ အကောက်ခွန်သက်သာခွင့်အောက်ရှိ ထုတ်ကုန်များကို တင်ပို့ခြင်းအတွက် လုပ်ငန်းစဉ်များ ဆောင်ရွက်သည့်အချိန်တွင် အတည်ပြုပို့ကုန်တင်ပို့သူ သို့မဟုတ် ၎င်း၏တရားဝင် ကိုယ်စားလှယ်သည် ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ် (Form D) အတွက် ရေးသားလျှောက်ထားချက်ကို တင်ပို့မည့်ထုတ်ကုန်များသည် ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် (Form D) ထုတ်ပေးရန် လိုအပ်သော အထောက်အထား စာရွက်စာတမ်းများနှင့်အတူ တင်ပြရမည်ဖြစ်သည်။

၂။ CE သည် ၎င်း၏တစ်ဦးတည်း ဆုံးဖြတ်ပိုင်ခွင့်အရ ပင်ရင်းကြေညာချက် ထုတ်ပေးမည့်အစား ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ် (Form D) အတွက် လျှောက်ထားနိုင်ပါသည်။

## စည်းမျဉ်း ၆
## ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ် (Form D) လျှောက်ထားမှုကိုစစ်ဆေးခြင်း

ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်ထုတ်ပေးခွင့်ရှိသည့် အာဏာပိုင်သည် အဖွဲ့ဝင်နိုင်ငံ၏ဥပဒေများ၊ စည်းမျဉ်းများနှင့်အညီ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် (Form D) အတွက် လျှောက်ထားမှု တစ်ခုစီအပေါ်တွင် ၎င်း၏လုပ်ပိုင်ခွင့်နှင့် ကျွမ်းကျင်မှုကို အကောင်းဆုံးအသုံးချ၍ မှန်ကန်သည့် စစ်ဆေးမှုကိုပြုလုပ်ပြီး တစ်ဖက်ပါတို့ကို စနစ်တကျဆောင်ရွက်ပေးရမည်-

(က) ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် (Form D) ပုံစံကို မှန်ကန်စွာဖြည့်စွက်ပြီး တရားဝင် ခွင့်ပြုချက်ရရှိထားသည့် အာဏာပိုင်က လက်မှတ်ရေးထိုးထားခြင်း၊

( ခ) ထုတ်ကုန်၏ ပင်ရင်းသည် ဤသဘောတူညီချက်၏ အခန်း (၃) ရှိ စည်းကမ်းချက်များနှင့်ကိုက်ညီခြင်း၊

( ဂ) ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် (Form D) ၏ ကြေညာချက်များသည် တင်သွင်းသည့်နိုင်ငံ၏ လိုအပ်သော အထောက်အထားနှင့်ကိုက်ညီခြင်း၊

(ဃ) အသေးစိတ်ဖော်ပြချက်တွင်ပါရှိသော ကုန်ပစ္စည်းအရေအတွက်နှင့်အလေးချိန်၊ အမှတ်အသားနှင့် ထုပ်ပိုးမှုအရေအတွက်၊ ထုပ်ပိုးမှုအမျိုးအစားအရေအတွက်များ သည် ကိုက်ညီမှုရမည်ဖြစ်ခြင်း၊

( င) တင်ပို့မည့်ကုန်ပစ္စည်းများ အရည်အသွေးပြည့်မီပါက ပင်ရင်းနိုင်ငံ သက်သေ လက်မှတ် (Form D) တစ်ခုတည်းဖြင့် ကြေညာခြင်း။

## စည်းမျဉ်း ၇
## ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် (Form D)

၁။ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် (Form D) သည် ဤသဘောတူညီချက်၏ နောက်ဆက်တွဲ (၇) တွင် ပြထားသည့် နမူနာနှင့်ကိုက်ညီလျက် ISO A4 စက္ကူဖြူ ဖြစ်ရမည်။ ၎င်းကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားရမည်။

၂။ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် (Form D) တွင် မူရင်း (၁) စောင်နှင့် မင်ခံမိတ္တူ (၂) စောင် (ဒုတိယမိတ္တူနှင့် တတိယမိတ္တူ) ပါဝင်ရမည်။

၃။ ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ် (Form D) တစ်ခုစီတွင် ထုတ်ပေးသည့်နေရာ သို့မဟုတ် ရုံးတစ်ခုချင်းစီမှ သီးခြားစီပေးအပ်ထားသော ကိုးကားနံပါတ် ပါရှိရမည်။

၄။ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် (Form D) တစ်ခုစီတွင် ထောက်ခံချက်လက်မှတ် ထုတ်ပေးခွင့်ရှိသောအာဏာပိုင်၏ တရားဝင်လက်မှတ်နှင့် တရားဝင်တံဆိပ်တုံး ပါရှိရမည်။ ထိုလက်မှတ်နှင့်တံဆိပ်တုံးကို လူကိုယ်တိုင် သို့မဟုတ် အီလက် ထရောနစ်နည်းဖြင့် ပြုလုပ်နိုင်ပါသည်။

၅။ တင်သွင်းသည့်ဆိပ်ကမ်း သို့မဟုတ် တင်သွင်းသည့်နေရာရှိအကောက်ခွန်အာဏာပိုင် သို့မဟုတ် သက်ဆိုင်ရာ အစိုးရအာဏာပိုင်များထံသို့ တင်ပြနိုင်ရန်အတွက် အတည်ပြုပို့ကုန်တင်ပို့သူအနေဖြင့် ပထမမိတ္တူကို တင်သွင်းသူထံသို့ ပေးပို့ရမည်။ ဒုတိယမိတ္တူကို တင်ပို့သော အဖွဲ့ဝင်နိုင်ငံ၏ သက်သေခံလက်မှတ်ထုတ်ပေးခွင့်ရှိသော အာဏာပိုင်က ထိန်းသိမ်းထားမည်ဖြစ်သည်။ တတိယမိတ္တူကို တင်ပို့သူက ထိန်းသိမ်းထားမည်ဖြစ်သည်။

## စည်းမျဉ်း ၈

## ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် (Form D) ပါ ပင်ရင်းနိုင်ငံ၏သတ်မှတ်စံနှုန်း ထုတ်ပြန်ကြေညာချက်

ဤသဘောတူစာချုပ်၏ အပိုဒ်ခွဲ ၂၆ ပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရန်အတွက် အပြီးသတ်တင်ပို့သည့် အဖွဲ့ဝင်နိုင်ငံမှ ထုတ်ပေးသော ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် (Form D) တွင် သက်ဆိုင်ရာပင်ရင်းနိုင်ငံ၏ သတ်မှတ်စံနှုန်းကို ဖော်ပြထားရပါမည်။

## စည်းမျဉ်း ၉

## ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် (Form D) ပါ မှားယွင်းသောကြေညာချက်ကို ပြင်ဆင်ခြင်း

ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ် (Form D) တွင် ပယ်ဖျက်ခြင်း သို့မဟုတ် ထပ်ရေးခြင်းများကို ခွင့်မပြုပါ။ ပြင်ဆင်ချက် တစ်စုံတစ်ရာကို ဖော်ပြပါအတိုင်း ပြုလုပ်ရမည်ဖြစ်သည်-

(က) မှားယွင်းသော အချက်အလက်များကို ခြစ်ပစ်ပြီးလိုအပ်ပါက ထပ်မံဖြည့်စွက်ဖော်ပြခြင်းဖြင့် အဆိုပါပြင်ဆင်ချက်များကို ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ် (Form D) တွင် လက်မှတ်ထိုးခွင့်ရှိသည့် အရာရှိတစ်ဦးမှ အတည်ပြုပြီး သက်သေခံလက်မှတ် ထုတ်ပေးခွင့် ရှိသည့် အာဏာပိုင်မှမှန်ကန်ကြောင်း ထောက်ခံရမည်ဖြစ်သည်။ နောက်ပိုင်းတွင် ထပ်မံ ဖြည့်စွက်ခြင်း မပြုနိုင်စေရန်အတွက် အသုံးမပြုထားသော နေရာလွတ်များကို ကြက်ခြေခတ်ထားရမည်၊

(သို့မဟုတ်)

(ခ) မှားယွင်းသည့် ထောက်ခံချက်လက်မှတ်ကို အစားထိုးရန် ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ် (Form D) အသစ်ထုတ်ယူရမည်ဖြစ်သည်။

## စည်းမျဉ်း ၁၀
## ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် (Form D) ထုတ်ယူခြင်း

၁။ လိုအပ်သော စာရွက်စာတမ်းများအားလုံး တင်သွင်းခြင်းပေါ်မူတည်၍ တင်ပို့သည့်ကုန်စည်သည် ဤသဘောတူစာချုပ်၏ အခန်း (၃) ပါ အဓိပ္ပါယ်ဖွင့်ဆိုချက်အတိုင်း အဖွဲ့ဝင်နိုင်ငံမှ ထုတ်လုပ်သည်ဟု ယူဆနိုင်ပါက ပင်ရင်းနိုင်ငံ သက်သေလက်မှတ် (Form D) ကို ကုန်စည်ပို့ဆောင်သည့်အချိန်မတိုင်မီ သို့မဟုတ် ကုန်စည်ပို့ဆောင်ချိန်၌ သို့မဟုတ် ကုန်စည်ပို့ဆောင်ပြီးချိန်၌ အကောက်ခွန်ဌာနသို့ ကြေညာထားသော ကုန်စည်ပို့ဆောင်သည့်ရက်မှ (၃) ရက်ထက် မကျော်လွန်ဘဲ တင်ပို့သော အဖွဲ့ဝင်နိုင်ငံရှိ သက်သေခံလက်မှတ် ထုတ်ပေးခွင့်ရှိသည့် အာဏာပိုင်မှ ထုတ်ပေးရမည်ဖြစ်သည်။

၂။ ကြိုတင်ကြံစည်မှု မဟုတ်သော အမှားအယွင်းများ သို့မဟုတ် ထိမ်ချန်ထားခြင်းများ သို့မဟုတ် အခြားခိုင်လုံသော အကြောင်းရင်းများကြောင့် ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် (Form D) ကို တင်ပို့သည့်အချိန်တွင် သို့မဟုတ် အကောက်ခွန်ဌာနသို့ ကြေညာထားသော ကုန်စည်ပို့ဆောင်သည့်ရက်မှ(၃) ရက်အတွင်း ထုတ်ပေးခြင်းမရှိသော ခြွင်းချက်အခြေအနေများ၌ ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ် (Form D) ကို ကုန်စည်ပို့ဆောင်သည့်ရက်မှ (၁) နှစ်ထက် မကျော်ဘဲ နောက်ကြောင်းပြန် ထုတ်ပေးနိုင်ပြီး “နောက်ကြောင်းပြန်ထုတ်ပေးခြင်း”ဟု သင့်လျော်၊ ထင်ရှားစွာ အမှတ်အသားပြုရမည်ဖြစ်သည်။

## စည်းမျဉ်း ၁၁
### ကျောထောက်နောက်ခံပြုထုတ်ပေးသည့် ပင်ရင်းနိုင်ငံထောက်ခံချက်

၁။ အတည်ပြုပို့ကုန်တင်ပို့သူမှ လျှောက်ထားပါက ကြားခံအဖွဲ့ဝင်နိုင်ငံရှိ ထောက်ခံချက် လက်မှတ်ထုတ်ပေးခွင့်ရှိသည့် အာဏာပိုင်သည် အောက်ပါအခြေအနေများ၌ ကျောထောက် နောက်ခံပြုထုတ်ပေးသည့် ပင်ရင်းနိုင်ငံ ထောက်ခံချက်လက်မှတ် (Form D) ကို ထုတ်ပေးမည် ဖြစ်သည်-

(က) တရားဝင်ဖြစ်သော ပင်ရင်းနိုင်ငံထောက်ခံချက် လက်မှတ်မူရင်းကို တင်ပြပါက ပင်ရင်းနိုင်ငံထောက်ခံချက် လက်မှတ်မူရင်းကို မပြသနိုင်သည့်ကိစ္စရပ်၌ မှန်ကန်ကြောင်း ထောက်ခံထားသည့် မိတ္တူမှန်ကို ပြသရမည်ဖြစ်သည်၊

(ခ) ထုတ်ပေးထားသည့် ကျောထောက်နောက်ခံပြုထုတ်ပေးသည့် ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ် (Form D) တွင် ပင်ရင်းနိုင်ငံ ထောက်ခံချက်မူရင်းနှင့်တူညီသော အချက်အလက်အချို့ ပါရှိရမည် ဖြစ်သည်။ အထူးသဖြင့် ကျောထောက်နောက်ခံပြု ထုတ်ပေးသည့် ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် (Form-D) ပါ ဇယားကွက်များ အားလုံးကို ပြည့်စုံအောင် ဖြည့်ရမည်ဖြစ်သည်။ အကွက် (၉) ရှိ ကြားခံအဖွဲ့ဝင် နိုင်ငံ၏ FOB ဈေးနှုန်းကို ကျောကပ်ပင်ရင်းနိုင်ငံသက် သေခံလက်မှတ် (Form D) တွင်လည်း ဖော်ပြထားသင့်သည်၊

(ဂ) တစ်စိတ်တစ်ပိုင်း ပို့ကုန်ကုန်စည်ပို့ဆောင်မှုများအတွက် ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ်မူရင်း၏ တန်ဖိုးအပြည့်အဝအစား တစ်စိတ်တစ်ပိုင်း ပို့ကုန်တန်ဖိုးကို ဖော်ပြရမည်ဖြစ်သည်။ ကျောထောက်နောက်ခံပြု ထုတ်ပေးသည့် ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် (Form D) ကို တင်ပို့သူများထံ အတည်ပြုသောအခါတွင် တစ်စိတ်တစ်ပိုင်း ကုန်စည် ပို့ဆောင်မှုအောက်ရှိ ပြန်လည်တင်ပို့သော စုစုပေါင်းပမာဏသည် ပထမ အဖွဲ့ဝင်နိုင်ငံထံမှ ပင်ရင်းနိုင်ငံထောက်ခံချက်လက်မှတ်တွင် ပါဝင်သော စုစုပေါင်းပမာဏထက် ကျော်လွန်နေခြင်းမရှိကြောင်း ကြားခံအဖွဲ့ဝင်နိုင်ငံမှ သေချာအောင် ဆောင်ရွက်မည်ဖြစ်သည်၊

(ဃ) အချက်အလက်မပြည့်စုံလျှင်လည်းကောင်း သို့မဟုတ် အကောက်ခွန်ရှောင်သည်ဟု သံသယရှိသည့် အခြေအနေ၌လည်းကောင်း နောက်ဆုံးတင်သွင်းသောအဖွဲ့ဝင်နိုင်ငံများသည် ပင်ရင်းနိုင်ငံထောက်ခံချက်လက်မှတ်မူရင်းကို ၎င်းတို့၏သက်ဆိုင်ရာ အကောက်ခွန်အာဏာပိုင်ထံသို့တင်ပြရန် တောင်းဆိုနိုင်ပါသည်၊

(င) စည်းမျဉ်း ၁၈ နှင့် ၁၉ တွင် ဖော်ပြထားသော စစ်ဆေးအတည်ပြုခြင်းလုပ်ငန်းစဉ်များသည် ကျောထောက်နောက်ခံပြု ထုတ်ပေးသည့် ပင်ရင်းနိုင်ငံသက်သေခံ လက်မှတ် (Form D) ထုတ်ပေးသည့် အဖွဲ့ဝင်နိုင်ငံအပေါ်တွင်လည်း သက်ရောက်မှုရှိသည်၊

(စ) ကျောထောက်နောက်ခံပြုထုတ်ပေးသည့် ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် (Form D) ပါအချက်အလက်များတွင် ပင်ရင်းနိုင်ငံထောက်ခံချက်လက်မှတ်မူရင်း ထုတ်ပေးသည့်ရက်စွဲနှင့် အကိုးအကားနံပါတ်တို့ ပါဝင်ပါသည်။ အဆိုပါအချက်အလက်များကို ကျောထောက်နောက်ခံပြု ထုတ်ပေးသည့် ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် (Form D) ၏အကွက် (၇) တွင် ဖော်ပြထားရမည်ဖြစ်သည်။

၂။ ဖော်ပြပါအခြေအနေများ၌ အတည်ပြုပို့ကုန်တင်ပို့သူသည် ကျောထောက်နောက်ခံပြု ပင်ရင်းကြေညာချက်လက်မှတ်ကို ထုတ်ပေးနိုင်ပါသည်-

(က) ဖော်ပြပါ CE တွင် ပထမဆုံးတင်ပို့သည့် အဖွဲ့ဝင်နိုင်ငံထံ တရားဝင်ပင်ရင်းနိုင်ငံထောက်ခံချက်လက်မှတ်မူရင်း (၁) စောင်ရှိပါက ပင်ရင်းနိုင်ငံထောက်ခံချက် လက်မှတ်မူရင်းမရှိသည့်ကိစ္စရပ်၌ မှန်ကန်ကြောင်းထောက်ခံထားသည့် မိတ္တူမှန်ကို အသုံးပြုရမည်ဖြစ်သည်၊

(ခ) ကျောထောက်နောက်ခံပြုထုတ်ပေးသည့်ပင်ရင်းနိုင်ငံကြေညာချက်တွင် ပင်ရင်းနိုင်ငံထောက်ခံချက်လက်မှတ် မူရင်းနှင့်တူညီသော အချက်အလက်အချို့ ပါရှိရမည်ဖြစ်သည်။ ကြားခံအဖွဲ့ဝင်နိုင်ငံ၏ FOB ဈေးနှုန်းကို ကျောထောက်နောက်ခံပြု ထုတ်ပေးသည့် ပင်ရင်းကြေညာချက်လက်မှတ်တွင်လည်း ဖော်ပြထားသင့်သည်၊

(ဂ) တစ်စိတ်တစ်ပိုင်းပို့ကုန် ကုန်စည်ပို့ဆောင်မှုများအတွက် ပင်ရင်းနိုင်ငံထောက်ခံချက်လက်မှတ်မူရင်း၏ တန်ဖိုးအပြည့်အဝ (အစား) တစ်စိတ်တစ်ပိုင်း ပို့ကုန်တန်ဖိုးကို ဖော်ပြရမည်ဖြစ်သည်။ အတည်ပြုပို့ကုန်တင်ပို့သူသည် ကျောထောက်နောက်ခံပြု ထုတ်ပေးသည့် ပင်ရင်း ကြေညာချက်လက်မှတ်ကို ထုတ်ပေးရာတွင် တစ်စိတ်တစ်ပိုင်း ကုန်စည်ပို့ဆောင်မှုအောက်ရှိ ပြန်လည်တင်ပို့သောပမာဏသည် စုစုပေါင်းပမာဏထက်ကျော်လွန်မှု မရှိရ။

(ဃ) စည်းမျဉ်း ၁၈ နှင့် ၁၉ တွင် ဖော်ပြထားသော စစ်ဆေးအတည်ပြုခြင်း လုပ်ငန်းစဉ်များသည် ကျောထောက်နောက်ခံပြု ထုတ်ပေးသည့် ပင်ရင်းကြေညာချက်လက်မှတ် ထုတ်ပေးသည့်အဖွဲ့ဝင်နိုင်ငံအပေါ်တွင်လည်း သက်ရောက်မှုရှိသည်၊

(င) ကျောထောက်နောက်ခံပြုထုတ်ပေးသည့် ပင်ရင်းကြေညာချက်လက်မှတ်ပါ အချက်အလက်များတွင် ပင်ရင်းနိုင်ငံထောက်ခံချက်လက်မှတ်မူရင်း ထုတ်ပေးသည့်ရက်စွဲနှင့် အကိုးအကားနံပါတ်တို့ ပါဝင်ပါသည်၊

(စ) ကျောထောက်နောက်ခံပြု ပင်ရင်းကြေညာချက်လက်မှတ် ထုတ်ပေးသည့် CE သည် အလားတူကုန်ပစ္စည်းများအတွက် ပင်ရင်းကြေညာချက်လက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုချက်ရရှိထားသည့် CE တစ်ဦးဖြစ်ရမည်ဖြစ်သည်။

## စည်းမျဉ်း ၁၂
## ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် (Form D) ပျောက်ဆုံးခြင်း

ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် (Form D) ခိုးယူခံရခြင်း၊ ပျောက်ဆုံးခြင်းသို့မဟုတ် ပျက်စီးခြင်း ဖြစ်ပွားပါက အတည်ပြုပို့ကုန်တင်ပို့သူသည် သက်သေခံလက်မှတ်၏အကွက်(၁၂)ပါ "မှန်ကန်ကြောင်းထောက်ခံချက်မိတ္တူမှန်"၏ ထောက်ခံချက်တွင် ပါရှိသည့် ပို့ကုန်စာရွက်စာတမ်းများကို မူရင်းသက်သေခံလက်မှတ်

မှန်ကန်ကြောင်းထောက်ခံထားသည့်မိတ္တူမှန်နှင့် တတိယမိတ္တူတို့ကို ထုတ်ပေးရန် ထောက်ခံချက် လက်မှတ်ထုတ်ပေးခွင့်ရှိသည့်အာဏာပိုင်များထံ စာဖြင့်ရေးသား၍ လျှောက်ထားရမည်ဖြစ်သည်။ အဆိုပါမိတ္တူမှန်တွင် ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် (Form D) မူရင်းကို ထုတ်ပေးသည့်ရက်စွဲပါရှိရမည်ဖြစ်သည်။ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် (Form D) ၏ မှန်ကန်ကြောင်းထောက်ခံထားသည့် မိတ္တူမှန်ကို ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် (Form D) မူရင်းထုတ်ပေးသည့်ရက်စွဲမှ (၁) နှစ်အတွင်း လျှောက်ထားရယူနိုင်သည်။

## စည်းမျဉ်း ၁၂ က

## CERTIFIED EXPORTER (အတည်ပြုပို့ကုန်တင်ပို့သူ)

၁။ တင်ပို့သည့်အဖွဲ့ဝင်နိုင်ငံရှိ လုပ်ပိုင်ခွင့်ရှိသောအာဏာပိုင်သည် သဘောတူစာချုပ်အောက်ရှိ ကုန်ပစ္စည်းများကိုတင်ပို့သော အတည်ပြုပို့ကုန်တင်ပို့သူတစ်ဦး (ဤမှစ၍ နောက်ပိုင်းတွင် "ထောက်ခံချက်လက်မှတ်ရရှိထားသော အတည်ပြုပို့ကုန်တင်ပို့သူ" ဟု ရည်ညွှန်းမည်) အား သက်ဆိုင်သည့်ကုန်ပစ္စည်းများ၏ ပင်ရင်းနိုင်ငံအခြေအနေနှင့်စပ်လျဉ်းသော ပင်ရင်းကြေညာချက်လက်မှတ်များကို ပြုလုပ်ရန်ခွင့်ပြုနိုင်ပါသည်။ အဆိုပါခွင့်ပြုချက်ရယူနေသည့် အတည်ပြုပို့ကုန်တင်ပို့သူတစ်ဦးသည် စာဖြင့်ရေးသား၍ သို့မဟုတ် အီလက်ထရောနစ်စနစ်ဖြင့်လျှောက်ထားရမည်ဖြစ်ပြီး ပင်ရင်းကြေညာချက် လက်မှတ်ထုတ်ပေးမည့် ကုန်ပစ္စည်းများ၏ပင်ရင်းနိုင်ငံအခြေအနေကို စစ်ဆေးအတည်ပြုရန်အတွက် လိုအပ်သောအာမခံချက်များအားလုံးကို လုပ်ပိုင်ခွင့်ရအာဏာပိုင်အား ကျေနပ်လက်ခံသည်အထိ ပေးအပ်ရမည်ဖြစ်သည်။

၂။ လုပ်ပိုင်ခွင့်ရှိသောအာဏာပိုင်သည် အောက်ပါကိစ္စရပ်များ အပါအဝင် သင့်လျော်သည်ဟု ၎င်းတို့ယူဆသောအခြေအနေများတွင် CE အဆင့်ကို ပေးအပ်မည်ဖြစ်သည်–

(က) အတည်ပြုပို့ကုန်တင်ပို့သူသည် ကုန်စည်တင်ပို့သည့် အဖွဲ့ဝင်နိုင်ငံဆိုင်ရာ ဥပဒေများ၊ စည်းမျဉ်းများနှင့်အညီ သင့်လျော်စွာ မှတ်ပုံတင်ထားရမည်၊

(ခ) ပင်ရင်းကြေညာချက်လက်မှတ်များကို ထုတ်ပေးရန်တာဝန်ရှိသည့် တရားဝင်ခွင့်ပြုချက်ရ လက်မှတ်ရေးထိုးသူများသည် တာဝန်ယူဆောင်ရွက်ရာ၌ သဘောတူစာချုပ်တွင် ဖော်ပြထားသော ပင်ရင်းနိုင်ငံစည်းမျဉ်းများကို သိရှိနားလည်သည်မှာ သေချာကြောင်းအတည်ပြုပို့ကုန်တင်ပို့သူက တာဝန်ယူရမည်ဖြစ်သည်၊

(ဂ) အတည်ပြုပို့ကုန်တင်ပို့သူသည် ကုန်စည်တင်ပို့သည့်အဖွဲ့ဝင်နိုင်ငံဆိုင်ရာ ဥပဒေများ၊ စည်းမျဉ်းများနှင့်အညီ ကုန်စည်တင်ပို့ရာတွင် လုပ်ငန်းအတွေ့အကြုံရှိရမည်၊

(ဃ) အတည်ပြုပို့ကုန်တင်ပို့သူသည် ကုန်စည်တင်ပို့သည့် အဖွဲ့ဝင်နိုင်ငံဆိုင်ရာဥပဒေများ၊ စည်းမျဉ်းများနှင့်အညီ ပင်ရင်းနိုင်ငံ စည်းမျဉ်းတစ်စုံတစ်ရာကို လိမ်လည်လှည့်ဖြားခဲ့သည့်မှတ်တမ်းမရှိရပါ၊

(င) အတည်ပြုပို့ကုန်တင်ပို့သူသည် ကုန်စည်တင်ပို့သည့် အဖွဲ့ဝင်နိုင်ငံရှိလုပ်ပိုင်ခွင့်ရှိသောအာဏာပိုင်မှ ချမှတ်ဆောင်ရွက်သည့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုကို ကောင်းစွာလေးစားလိုက်နာရမည်၊

(စ) အတည်ပြုပို့ကုန်တင်ပို့သူ၊ ကုန်စည်ထုတ်လုပ်တင်ပို့သူကိုယ်တိုင်ပင်ရင်းထုတ်ကုန် ကြေညာသည့်စနစ်ကို ဆောင်ရွက်မည့်ကုန်ပစ္စည်း၏ပင်ရင်းနိုင်ငံကိုဖော်ပြထားသော "ကုန်ထုတ်လုပ်သူ၏ ထုတ်ပြန်ကြေညာချက်"ရှိရမည်ဖြစ်ပြီး ကုန်ထုတ်လုပ်သူသည် နောက်ကြောင်းပြန် အကျိုးသက်ရောက်မှုရှိသော စစ်ဆေးမှုနှင့်လိုအပ်ပါက လာရောက်စစ်ဆေးအတည်ပြုမှုတို့တွင် ပူးပေါင်းပါဝင်ရန် အဆင်သင့်ဖြစ်ရမည်ဖြစ်သည်၊

(ဆ) အတည်ပြုပို့ကုန်တင်ပို့သူသည် ကုန်စည်တင်ပို့သည့်အဖွဲ့ဝင်နိုင်ငံဆိုင်ရာ ဥပဒေများ၊ စည်းမျဉ်းများနှင့်အညီ ကောင်းမွန်သောမှတ်တမ်းစာအုပ်ထားရှိခြင်းနှင့် မှတ်တမ်းသိမ်းဆည်းခြင်းစနစ်ရှိရမည်ဖြစ်သည်၊

၃။ တရားဝင်ခွင့်ပြုချက်ကို စာဖြင့်ရေးသား၍ ပေးအပ်ရမည်ဖြစ်သည်။ လုပ်ပိုင်ခွင့်ရအာဏာပိုင်သည် CE အား ပင်ရင်းကြေညာချက်လက်မှတ်တွင် ထည့်သွင်းရမည့် တရားဝင်ခွင့်ပြုချက်ကုဒ်ကို ပေးအပ်ရမည်ဖြစ်သည်။ အဖွဲ့ဝင်နိုင်ငံများသည် စည်းမျဉ်း ၂၄ နှင့်အညီ အာဆီယံ ဒေသတွင်း

ထုတ်လုပ်တင်ပို့သူကိုယ်တိုင် ပင်ရင်းထုတ်ကုန်ကြေညာသည့်စနစ် အချက်အလက်တွင် ရရှိထားသောခွင့်ပြုချက်ဆိုင်ရာ အချက်အလက်များကို ချက်ချင်းထည့်သွင်းရမည်ဖြစ်သည်။

၄။ CE တစ်ဦးတွင် အောက်ဖော်ပြပါတာဝန်ဝတ္တရားများရှိသည်–

(က) လုပ်ပိုင်ခွင့်အသုံးပြုခြင်းနှင့် ထုတ်ပေးသည့် ထုတ်ပြန်ကြေညာချက်များ၏မှန်ကန်မှုအားစစ်ဆေးအတည်ပြုခြင်းကိုစောင့်ကြည့်စစ်ဆေးရန်ရည်ရွယ်ချက်အတွက်မှတ်တမ်းများအားကြည့်ရှုခွင့်နှင့်အဆောက်အအုံနှင့် ၎င်း၏ဥပစာသို့ဝင်ရောက်ခွင့်တို့ကို အာဏာပိုင်အား ခွင့်ပြုပေးရန်။ ပင်ရင်းကြေညာချက်လက်မှတ် ထုတ်ပေးထားသည့် ကုန်ပစ္စည်း များ၏ ပင်ရင်းနိုင်ငံ အခြေအနေကို ခွဲခြားဖော်ထုတ်ပြီး စစ်ဆေးအတည်ပြုရန်အတွက် တင်ပို့သည့်အဖွဲ့ဝင်နိုင်ငံ၏ ဥပဒေများ၊ စည်းမျဉ်းများနှင့်အညီ ထုတ်ပြန်ကြေညာချက်ထုတ်ပေးသည့်ရက်စွဲမှ အနည်းဆုံး (၃) နှစ်အတွင်း မှတ်တမ်းများနှင့် စာရင်းများကို ရယူခွင့်ပြုရမည်ဖြစ်သည်၊

(ခ) ပင်ရင်းကြေညာချက်လက်မှတ်ထုတ်ပေးရန် CE မှ ခွင့်ပြုချက်ရရှိထားသည့် ကုန်ပစ္စည်းများနှင့် ထုတ်ပြန်ချက်ပြုလုပ်ချိန်၌ CE တွင် ကုန်ပစ္စည်းများ၏ ပင်ရင်းနိုင်ငံအခြေအနေ အတည်ပြုထားသည့် သက်ဆိုင်သော စာရွက်စာတမ်းများအားလုံး လက်ဝယ်ရှိသော ကုန်ပစ္စည်းများအတွက်သာ အဆိုပါ ထုတ်ပြန်ချက်များကိုထုတ်ပေးရန်၊

(ဂ) စည်းမျဉ်းအပိုဒ် (၂)တွင် ဖော်ပြထားသော စည်းမျဉ်းများအား ဆက်လက် လိုက်နာရန်၊

(ဃ) နောက်ကြောင်းပြန် အကျိုးသက်ရောက်မှုရှိသော စစ်ဆေးမှုများနှင့် လာရောက် စစ်ဆေးအတည်ပြုခြင်းများတွင် ပူးပေါင်းဆောင်ရွက်ရန်၊

(င) အလွဲသုံးစားပြုခြင်းအပါအဝင် ပြင်ဆင်ပြုလုပ်သော ပင်ရင်းကြေညာချက်လက်မှတ်များအားလုံးအတွက် အပြည့်အဝတာဝန်ယူရန်နှင့်

(စ) နောက်ဆက်တွဲပါ စည်းမျဉ်း (၄) အောက်တွင် တင်သွင်းထားသော အချက်အလက်များနှင့်ပတ်သက်သည့် ပြောင်းလဲမှုတစ်စုံတစ်ရာကို လုပ်ပိုင်ခွင့်ရအာဏာပိုင်ထံ ချက်ချင်းအကြောင်းကြားရန်။

## စည်းမျဉ်း ၁၂ ခ

## ORIGIN DECLARATION (ပင်ရင်းကြေညာချက်)

၁။ ပင်ရင်းကြေညာချက်လက်မှတ်တွင် ဤနောက်ဆက်တွဲ၏ ပူးတွဲဖိုင်-၁ တွင် ဖော်ပြထားသော လိုအပ်သည့်အချက်အလက်များ ပါဝင်ရမည်ဖြစ်သည်။

### ပူးတွဲဖိုင်-၁

### လိုအပ်သောအချက်အလက်စာရင်း

| | |
|---|---|
| ၁။ CE အသေးစိတ် အချက်အလက်များ | CE တရားဝင်ခွင့်ပြုကုဒ်။ |
| ၂။ ကုန်ပစ္စည်းများ၏ ဖော်ပြချက် | (က) ထုတ်ကုန်အမည်၊<br>(ခ) ဂဏန်းခြောက်လုံးပါ HS သို့မဟုတ် AHTN ကုဒ်၊<br>(ဂ) ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်ထုတ်ပေးမှုစံနှုန်း၊<br>(ဃ) ပင်ရင်းနိုင်ငံ၊<br>(င) ဒေသတွင်းတန်ဖိုး ပါဝင်မှုပမာဏနှင့် ဆိုင်သော ပင်ရင်းနိုင်ငံ၏စံနှုန်းကို အသုံးပြုပါက FOB ဈေးနှုန်း၊<br>(စ) ကုန်ပစ္စည်းအရေအတွက်၊<br>(ဆ) ကုန်အမှတ်တံဆိပ်နှင့်<br>(ဇ) ကျောထောက်နောက်ခံပြု ထုတ်ပေးသည့် ပင်ရင်းနိုင်ငံ ကြေညာချက်လက်မှတ်နှင့်စပ်လျဉ်း၍ ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ်မူရင်းပေါ်တွင် ဖော်ပြထားသော အကိုးအကားနံပါတ်၊ ထုတ်ပေးသည့်ရက်စွဲ၊ ပထမဆုံးအတည်ပြုပို့ကုန် တင်ပို့သည့်နိုင်ငံ၏ ပင်ရင်းနိုင်ငံနှင့်ကုန်ပစ္စည်းများ၏ဖော်ပြချက်ရှိပါက ပထမဆုံး အတည်ပြုပို့ကုန်တင်ပို့သည့်နိုင်ငံ၏ CE တရားဝင် ခွင့်ပြုကုဒ်။ |

| | |
|---|---|
| ၃။ တရားဝင် ခွင့်ပြုချက် ရရှိထားသော လက်မှတ် ရေးထိုးထားသူတစ်ဦး၏ ထောက်ခံချက်[၁] | (က) ပင်ရင်းကြေညာချက်လက်မှတ်တွင် ဖော်ပြထားသည့် ကုန်ပစ္စည်းများသည် တင်ပြထားသော သက်သေအထောက်အထားအရ ဤသဘောတူစာချုပ်ပါ အခန်း (၃) ရှိ သက်ဆိုင်ရာ သတ်မှတ်ချက် များအားလုံးနှင့် ကိုက်ညီကြောင်း CE ၏ တရားဝင်ခွင့်ပြုချက်ရ လက်မှတ်ရေးထိုးသူ၏ ထောက်ခံချက်။<br>(ခ) လက်မှတ်ရေးထိုးထားသူ၏ လက်မှတ် ၊ စကန်ဖတ်ထားသော / တံဆိပ်တုံး ထုထားသောအမည် |

၂။ ပင်ရင်းကြေညာချက်လက်မှတ်များကို လုပ်ငန်းကုန်ပို့လွှာတွင် ထုတ်ပေးရမည်ဖြစ်သည်။ သို့သော် ပို့ကုန်တင်ပို့ချိန်တွင် ပင်ရင်းကြေညာချက်လက်မှတ်ကို လုပ်ငန်းကုန်ပို့လွှာတွင် ထုတ်ပေးနိုင်ခြင်းမရှိပါက အောက်ဖော်ပြပါ ကုန်သွယ်မှု စာရွက်စာတမ်းများဖြစ်သော ငွေတောင်းခံလွှာ၊ ကုန်ပို့ အမှာစာ သို့မဟုတ် ကုန်ထုပ်ပိုးမှုစာရင်းတွင် အဆိုပါကြေညာချက်ကို ထုတ်ပေးနိုင်ပြီး လုပ်ငန်းကုန်ပို့လွှာနှင့်အတူတင်ပြပါက ကုန်စည်တင်သွင်းချိန်တွင် လက်ခံမည်ဖြစ်သည်။

၃။ ပင်ရင်းနိုင်ငံကို ခွဲခြားသတ်မှတ်နိုင်စေရန်ရည်ရွယ်၍ ကုန်စည်များကို အမျိုးအမည် ခွဲခြားနိုင်စေရန်အလို့ငှာပင်ရင်းကြေညာချက်တွင်ပါရှိသောစာရွက်စာတမ်းတွင် အဆိုပါကုန်ပစ္စည်းများနှင့်သက်ဆိုင်သည့် အသေးစိတ်အချက်အလက် လုံလုံလောက်လောက်ကို ဖော်ပြထားရမည်ဖြစ်သည်။

၄။ ပင်ရင်းကြေညာချက်တွင် တရားဝင်ခွင့်ပြုချက်ရ လက်မှတ်ရေးထိုးသူများ၏ အမည်နှင့် ကိုယ်တိုင်ရေးထိုးထားသော လက်မှတ်တို့ ပါရှိရမည်ဖြစ်သည်။

၅။ ပင်ရင်းကြေညာချက်တွင်ပါရှိသောစာရွက်စာတမ်း၏ရက်စွဲကိုပင်ရင်းကြေညာချက် ထုတ်ပေးသည့်ရက်စွဲအဖြစ် မှတ်ယူရမည်ဖြစ်သည်။

၆။ ပင်ရင်းကြေညာချက်တွင်ပါရှိသော စာရွက်စာတမ်း၏ အကိုးအကားနံပါတ်ကို ပင်ရင်း ကြေညာချက်၏ အကိုးအကားနံပါတ်အဖြစ် မှတ်ယူရမည်ဖြစ်သည်။

[၁] အာဆီယံဒေသတွင်း ထုတ်လုပ်တင်ပို့သူကိုယ်တိုင် ပင်ရင်းထုတ်ကုန်ကြေညာသည့်စနစ် စီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်သည့်နေ့မှ (၂) နှစ်ကြာပြီးနောက် ဤလိုအပ်ချက်ကို ထိန်းသိမ်းရန်လိုအပ်ခြင်းအားပြန်လည်သုံးသပ်မည်ဖြစ်သည်။

၇။ ပင်ရင်းကြေညာချက်တွင်ပေးထားသော နေရာလွတ်သည် ကုန်ပစ္စည်းများ အားလုံးကို ဖော်ပြရန် မလုံလောက်ပါက ပူးတွဲဖိုင်-၁ တွင် သတ်မှတ်ဖော်ပြ ထားသည့်အတိုင်း အချက်အလက်များ ဖော်ပြပါရှိသည့် ထပ်တိုးစာမျက်နှာ များကို ပူးတွဲ ထည့်သွင်းနိုင်ပါသည်။

## စည်းမျဉ်း ၁၂ ဂ
## စောင့်ကြည့်စစ်ဆေးခြင်းနှင့်စစ်ဆေးအတည်ပြုခြင်း

လုပ်ပိုင်ခွင့်ရှိသောအာဏာပိုင်သည် ထုတ်ပေးလိုက်သော ပင်ရင်းကြေညာချက်၏ မှန်ကန်မှုကို စစ်ဆေးအတည်ပြုခြင်း အပါအဝင် တရားဝင်ခွင့်ပြုချက်ကို သင့်လျော်စွာ အသုံးပြုခြင်း ရှိ/မရှိ စောင့်ကြည့် စစ်ဆေးမည်ဖြစ်သည်။ အန္တရာယ်ဖြစ်နိုင်ခြေကို ထည့်သွင်းစဉ်းစားလျက် အဆိုပါ လုပ်ဆောင်ချက်များ ဆောင်ရွက်မည့် အကြိမ်အရေ အတွက်နှင့် အတိမ်အနက်ဆိုင်ရာ ဆုံးဖြတ်ချက်များကို ချမှတ်ရမည်ဖြစ်သည်။ ထို့အပြင် လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်များသည် စည်းမျဉ်း ၁၈ နှင့်အညီ တင်သွင်းသည့်အဖွဲ့ဝင်နိုင်ငံမှ အကောက်ခွန်အာဏာပိုင်၏ နောက်ကြောင်းပြန် စစ်ဆေးရန် တောင်းဆိုမှုများကို ဆောင်ရွက်ပေးမည်ဖြစ်သည်။

## စည်းမျဉ်း ၁၂ ဃ
## တရားဝင်ခွင့်ပြုချက်ပြန်လည်ရုပ်သိမ်းခြင်း

လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်သည် တရားဝင်ခွင့်ပြုချက်ကို အချိန်မရွေး ပြန်လည် ရုပ်သိမ်းနိုင်ပါသည်။ CE သည် စည်းမျဉ်း ၁၂ က (၁) တွင် ရည်ညွှန်းထားသည့် အာမခံချက်များကို မပေးတော့လျှင် စည်းမျဉ်း ၁၂ က (၂) တွင် ရည်ညွှန်းထားသည့် အခြေအနေများကို ဖြည့်ဆည်းမပေးတော့လျှင် သို့မဟုတ် တစ်နည်းအားဖြင့် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုလုပ်ခဲ့လျှင် ၎င်း၏လုပ်ပိုင်ခွင့်ကို ရုပ်သိမ်းရပါမည်။ စည်းမျဉ်း (၂) နှင့်အညီ အဖွဲ့ဝင်နိုင်ငံသည် တရားဝင်ခွင့်ပြုချက် ပြန်လည် ရုပ်သိမ်းမှုကို အာဆီယံဒေသတွင်း ထုတ်လုပ်တင်ပို့သူကိုယ်တိုင် ပင်ရင်းထုတ်ကုန် ကြေညာချက် တွင် ချက်ချင်း ထည့်သွင်းဖော်ပြရမည်ဖြစ်သည်။

## စည်းမျဉ်း ၁၃

## ပင်ရင်းနိုင်ငံထောက်ခံချက်လက်မှတ်အားတင်ပြခြင်း

၁။ တင်သွင်းသူသည် အကောက်ခွန်သက်သာခွင့်တောင်းခံရန် ရည်ရွယ်ချက်များအတွက် ကုန်စည်တင်သွင်းသည့်အချိန်တွင် တင်သွင်းသည့်အဖွဲ့ဝင်နိုင်ငံရှိ အကောက်ခွန် အာဏာပိုင် သို့မဟုတ် သက်ဆိုင်ရာအစိုးရ အာဏာပိုင်များထံ အောက်ပါတို့ကို တင်ပြရမည် ဖြစ်သည်–

(က) အထောက်အကူပြု စာရွက်စာတမ်းများပါဝင်သော ပင်ရင်းနိုင်ငံသက်သေခံ လက်မှတ် (Form D) သို့မဟုတ်

(ခ) အထောက်အကူပြုစာရွက်စာတမ်းများပါဝင်သော CE မှ ပြင်ဆင်ပြုလုပ်သည့်ပင်ရင်းကြေညာချက်လက်မှတ်။

၂။ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် (Form D) ကို တင်သွင်းသည့်အဖွဲ့ဝင်နိုင်ငံရှိ အကောက်ခွန်အာဏာပိုင် သို့မဟုတ် သက်ဆိုင်ရာအစိုးရအာဏာပိုင်များက ပယ်ချပါက အဆိုပါ သက်သေခံလက်မှတ် (Form D) ကို အကွက် (၄) တွင် သင့်လျော်သလို အမှတ်အသား ပြုလုပ်ရမည်ဖြစ်ပြီး ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ် (Form D) မူရင်းကို ရက်ပေါင်း (၆၀) ထက်မကျော်လွန်သော သင့်လျော်သည့်အချိန် အတိုင်းအတာအတွင်း ထောက်ခံချက်ထုတ်ပေးခွင့်ရှိသည့်အာဏာပိုင်ထံ ပြန်လည်ပေးပို့ရမည်ဖြစ်သည်။ အကောက်ခွန်သက်သာခွင့်ကိုငြင်းပယ်ရသည့်အကြောင်းရင်းများကို ထောက်ခံချက်ထုတ်ပေးခွင့်ရှိသည့် အာဏာပိုင်ထံသို့ မှန်ကန်စွာ အကြောင်းကြားရမည်ဖြစ်သည်။

၃။ ပင်ရင်းကြေညာချက်ကို တင်သွင်းသောအဖွဲ့ဝင်နိုင်ငံ၏ အကောက်ခွန်အာဏာပိုင်မှ ပယ်ချလိုက်လျှင် အဆိုပါပင်ရင်းကြေညာချက်လက်မှတ်ကို လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်ထံသို့ ရက်ပေါင်း (၆၀) ထက် မကျော်လွန်သော သင့်လျော်သည့်အချိန် အတိုင်းအတာအတွင်း ပြန်လည်ပေးပို့ရမည်ဖြစ်သည်။ အကောက်ခွန်သက်သာခွင့်ကို ငြင်းပယ်ခြင်းအတွက် အကြောင်းရင်းများကို လုပ်ပိုင်ခွင့်ရအာဏာပိုင်ထံသို့ မှန်ကန်စွာအကြောင်းကြားရမည်။

၄။ ဤစည်းမျဉ်း၏ တစ်ဖက်ပါအပိုဒ် ၂ နှင့် ၃ တွင် ဖော်ပြထားသည့်အတိုင်း ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်ကို လက်မခံလျှင် တင်သွင်းသောအဖွဲ့ဝင်နိုင်ငံသည် ထောက်ခံချက်လက်မှတ် ထုတ်ပေးခွင့်ရှိသော အာဏာပိုင် သို့မဟုတ် လုပ်ပိုင်ခွင့်ရအာဏာပိုင်မှ ထုတ်ပြန်ထားသည့် ရှင်းလင်းချက်များကို လက်ခံပြီး ထည့်သွင်းစဉ်းစား၍ ပင်ရင်းနိုင်ငံသက်သေခံ လက်မှတ်အား သက်သာခွင့်ကို ခံစားခွင့်ပြုရန်အတွက် လက်ခံနိုင်ခြင်းရှိ၊ မရှိကို ထပ်မံ အကဲဖြတ်သင့်သည်။ ရှင်းလင်းချက်သည် တင်သွင်းသောအဖွဲ့ဝင်နိုင်ငံမှ တင်ပြထားသည့် သက်သာခွင့်အား ငြင်းပယ်ရသည့် အကြောင်းရင်းများကို အကြောင်းကြားရာတွင် အသေးစိတ် ပြည့်စုံစွာ ဖော်ပြရမည်ဖြစ်သည်။

## စည်းမျဉ်း ၁၄
## ပင်ရင်းနိုင်ငံထောက်ခံချက်လက်မှတ်၏ သက်တမ်း

ပင်ရင်းနိုင်ငံထောက်ခံချက်လက်မှတ် တင်ပြခြင်းအတွက် အောက်ပါအချိန် ကန့်သတ်ချက်ကို လိုက်နာရမည်ဖြစ်သည်–

(က) ပင်ရင်းနိုင်ငံထောက်ခံချက်လက်မှတ်သည် ပင်ရင်းနိုင်ငံဖြစ်ကြောင်း ထောက်ခံချက်ပေးခြင်း ရည်ရွယ်ချက်များအတွက် ၎င်းကိုထုတ်ပေးသည့် ရက်စွဲမှ သို့မဟုတ် ပင်ရင်းကြေညာချက်နှင့်သက်ဆိုင်ပါက ထိုထုတ်ပြန်ချက်ကို ထုတ်ပေးသည့်ရက်စွဲမှ (၁၂) လ သက်တမ်းရှိပြီး အဆိုပါအချိန် ကာလ အတွင်း တင်သွင်းသည့်အဖွဲ့ဝင်နိုင်ငံရှိ အကောက်ခွန်အာဏာပိုင်ထံသို့ တင်ပြရမည်ဖြစ်သည်။

(ခ) ပင်ရင်းနိုင်ငံထောက်ခံချက်လက်မှတ်ကို တင်သွင်းရန်အတွက် သတ်မှတ်ထားသည့်အချိန် ကုန်ဆုံးပြီးနောက်ပိုင်းမှ ၎င်းကိုတင်သွင်းသည့် အဖွဲ့ဝင်နိုင်ငံရှိ အကောက်ခွန်အာဏာပိုင်ထံ တင်သွင်းရာတွင် ဖော်ပြပါသတ်မှတ်ထားသည့်အချိန်ကို လိုက်နာရန် ပျက်ကွက်ခြင်းသည် သဘာဝဘေးကဲ့သို့ မလွန်ဆန်နိုင်သောအဖြစ် သို့မဟုတ် အတည်ပြုပို့ကုန်တင်ပို့သူ၏ ထိန်းချုပ်လုပ်ဆောင်နိုင်သည့်အတိုင်းအတာပြင်ပမှ အခြားအကြောင်းရင်းများကြောင့် ဖြစ်ပါက ယင်းသက်သေခံချက်ကို လက်ခံပေးမည်ဖြစ်သည်၊

(ဂ) အချိန်နှောင်းမှတင်ပြသည့်ကိစ္စရပ်များ၌ ကုန်ပစ္စည်းများကို သတ်မှတ်ထားသည့်အချိန် မကုန်ဆုံးမီ တင်သွင်းခြင်းဖြစ်ပါက တင်သွင်းသည့်အဖွဲ့ဝင်နိုင်ငံရှိ အကောက်ခွန်အာဏာပိုင်သည် အဆိုပါပင်ရင်းနိုင်ငံသက်သေခံလက်မှတ်ကို လက်ခံနိုင်ပါသည်။

## စည်းမျဉ်း ၁၅
## ပင်ရင်းနိုင်ငံထောက်ခံချက်လက်မှတ်အတွက် လျှော့ပေါ့ပေးခြင်း

အတည်ပြုပို့ကုန်တင်ပို့သည့် အဖွဲ့ဝင်နိုင်ငံတွင် ထုတ်လုပ်ပြီး FOB တန်ဖိုး အမေရိကန်ဒေါ်လာ (၂၀၀) မကျော်သည့်ကုန်ပစ္စည်းများကို တင်ပို့ရာ၌ ပင်ရင်းနိုင်ငံထောက်ခံချက်လက်မှတ်ထုတ်ပေးရန်သတ်မှတ်ချက်ကိုလျှော့ပေါ့ပေးရမည်ဖြစ်ပြီး အဆိုပါကုန်ပစ္စည်းများသည် အတည်ပြုပို့ကုန်တင်ပို့သည့် အဖွဲ့ဝင်နိုင်ငံတွင် ထုတ်လုပ်ခြင်းဖြစ်ကြောင်း အတည်ပြုပို့ကုန်တင်ပို့သူက ဖော်ပြထားသည့် ရိုးရှင်းသော ကြေညာချက်ကို အသုံးပြုခြင်းအား လက်ခံပေးမည်ဖြစ်သည်။ FOB တန်ဖိုး အမေရိကန်ဒေါ်လာ (၂၀၀) မကျော်သည့် ကုန်ပစ္စည်းများကို စာတိုက်မှပေးပို့သောအခါတွင်လည်း အလားတူဆောင်ရွက်ပေးမည်ဖြစ်သည်။

## စည်းမျဉ်း ၁၆
## အသေးစားကွာခြားချက်များကို ကိုင်တွယ်ဆောင်ရွက်ခြင်း

၁။ ကုန်ပစ္စည်းများကို အာဆီယံနိုင်ငံတွင် ထုတ်လုပ်ခြင်းဖြစ်ကြောင်း သေချာပါက ပင်ရင်းနိုင်ငံ ထောက်ခံချက်လက်မှတ်တွင် ပါရှိသော ထုတ်ပြန်ချက်များနှင့် ကုန်ပစ္စည်းများ တင်သွင်းခြင်းအတွက် လုပ်ရိုးလုပ်စဉ်များကို ဆောင်ရွက်ရန် ရည်ရွယ်ချက်ဖြင့် တင်သွင်းသည့် အဖွဲ့ဝင်နိုင်ငံရှိ အကောက်ခွန်အာဏာပိုင်ထံ တင်ပြရန်ပြုလုပ်ထားသောစာရွက်စာတမ်း များကြားရှိပုံနှိပ်အမှားများကဲ့သို့သော အသေးစားကွာခြားချက်များကို တွေ့ရှိလျှင် အဆိုပါစာရွက်စာတမ်းသည် တင်သွင်းထားသောကုန်ပစ္စည်းများနှင့်ကိုက်ညီကြောင်း သင့်လျော်စွာ သက်သေပြထားပါက အဆိုပါစာရွက်စာတမ်းသည် ထိုအကြောင်းအချက်ကြောင့် ပျက်ပြယ်မည်မဟုတ်ပါ။

၂။ အတည်ပြုပို့ကုန်တင်ပို့သည့် အဖွဲ့ဝင်နိုင်ငံနှင့် တင်သွင်းသည့် အဖွဲ့ဝင်နိုင်ငံတို့တွင် အကောက်ခွန် သက်သာခွင့်များနှင့်သက်ဆိုင်သည့် ကုန်ပစ္စည်းအတွက် မတူညီသော အကောက်ခွန်အမျိုးအစားများရှိသည့် အခြေအနေများ၌ သက်ဆိုင်သည့် ပင်ရင်းနိုင်ငံ စည်းမျဉ်းအရ ကုန်ပစ္စည်းများကို အဖွဲ့ဝင်နိုင်ငံများအား တန်းတူအခွင့်အရေးပေးရန် (MFN)နှုန်းထားများ သို့မဟုတ် ပိုမိုမြင့်မားသော အကောက်ခွန်သက်သာခွင့် နှုန်းထားဖြင့် ထုတ်ပေးရမည်ဖြစ်ပြီး တင်သွင်းသည့်အဖွဲ့ဝင်နိုင်ငံ၏ သက်ဆိုင်ရာ ဥပဒေများ၊ စည်းမျဉ်းများနှင့်အညီ မည်သည့်ဒဏ်ကြေး သို့မဟုတ် အခြားစရိတ်များကိုမျှ ချမှတ်ခြင်း မပြုရပါ။ အမျိုးအစားကွဲပြားမှုကို ဖြေရှင်းပြီးသည်နှင့် နှုန်းထားအမှန်ကို အသုံးပြုရမည်ဖြစ်ပြီး ပြဿနာများကို ဖြေရှင်းပြီးလျှင်ပြီးချင်း တင်သွင်းသည့်အဖွဲ့ဝင်နိုင်ငံ၏ သက်ဆိုင်ရာ ဥပဒေများ၊ စည်းမျဉ်းများနှင့်အညီ ပိုမိုကောက်ခံထားသောအခွန် (ရှိပါက) အား ပြန်အမ်းရမည် ဖြစ်သည်။

၃။ ပင်ရင်းနိုင်ငံထောက်ခံချက်လက်မှတ်တစ်ခုတည်းအောက်တွင် ကြေညာထားသော ပစ္စည်းများအနက်မှ ပစ္စည်းတစ်ခုတွင်ဖြစ်ပွားသော ပြဿနာသည် ပင်ရင်းနိုင်ငံထောက်ခံချက် လက်မှတ်တွင် ဖော်ပြထားသော ကျန်ရှိသည့်ပစ္စည်းများ၏ ဦးစားပေးဆောင်ရွက်ခွင့်နှင့် အကောက်ခွန် ရှင်းလင်းရေးတို့ပေါ်တွင် သက်ရောက်မှုရှိမည်မဟုတ်ပါ သို့မဟုတ် နှောင့်နှေးစေမည်မဟုတ်ပါ။ စည်းမျဉ်း ၁၈ (ဂ) သည် ပြဿနာရှိသောပစ္စည်းများပေါ်တွင် သက်ရောက်မှုရှိသည်။

## စည်းမျဉ်း ၁၇
## မှတ်တမ်းထိန်းသိမ်းခြင်းဆိုင်ရာလိုအပ်ချက်

၁။ စည်းမျဉ်း ၁၈ နှင့် ၁၉ အရ စစ်ဆေးအတည်ပြုရန် ရည်ရွယ်ချက်များအတွက် ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ် (Form D) ထုတ်ပေးရန် လျှောက်ထားသော ကုန်ထုတ်လုပ်သူနှင့် သို့မဟုတ် အတည်ပြုပို့ကုန်တင်ပို့သူနှင့် ပင်ရင်း ကြေညာချက်လက်မှတ်ထုတ်ပေးသော CE တို့သည် အတည်ပြုပို့ကုန် တင်ပို့သည့်အဖွဲ့ဝင်နိုင်ငံ၏ ဥပဒေများ၊ စည်းမျဉ်းများကိုလိုက်နာ၍

ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ်နှင့်ဆက်စပ်သော အထောက်အကူပြု မှတ်တမ်းများအား ယင်းသက်သေခံလက်မှတ် ထုတ်ပေးသည့်ရက်စွဲမှ (၃) နှစ်အထိ သိမ်းဆည်းထားရမည်ဖြစ်သည်။

၂။ ထောက်ခံချက်လက်မှတ်ထုတ်ပေးခွင့်ရှိသည့် အာဏာပိုင်သည် ပင်ရင်းနိုင်ငံ သက်သေခံ လက်မှတ် (Form D) လျှောက်လွှာနှင့် အဆိုပါလျှောက်လွှာနှင့်ဆက်စပ်သော စာရွက် စာတမ်းများအားလုံးကို အဆိုပါ သက်သေခံလက်မှတ် (Form D) အား ထုတ်ပေးသည့်ရက်စွဲမှ (၃) နှစ်အထိ ထိန်းသိမ်းထားရှိရမည်ဖြစ်သည်။

၃။ လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်သည် CE တစ်ဦးအနေဖြင့် လျှောက်ထားချက်အပြင် အဆိုပါ လျှောက်ထားချက်နှင့်ဆက်စပ်သော စာရွက်စာတမ်းများအားလုံးကို တရားဝင်ခွင့်ပြုချက် သက်တမ်းကုန်ဆုံးသည့် သို့မဟုတ် ပြန်လည်ရုပ်သိမ်းသည့်ရက်စွဲမှ (၃) နှစ်အထိ ထိန်းသိမ်းထားရှိရမည်ဖြစ်သည်။

၄။ တင်သွင်းသည့် အဖွဲ့ဝင်နိုင်ငံမှ တောင်းဆိုပါက ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ် (Form D) တွင် လက်မှတ်ရေးထိုးခွင့်ရှိပြီး အတည်ပြုပို့ကုန်တင်ပို့သည့်အဖွဲ့ဝင်နိုင်ငံရှိ သင့်လျော်သော အစိုးရအာဏာပိုင်များ သို့မဟုတ် လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်မှ အသီးသီး ထောက်ခံထားသော အရာရှိတစ်ဦးသည် ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် (Form D) ၏ တရားဝင်မှုနှင့်စပ်လျဉ်းသော အချက်အလက်များနှင့် ပင်ရင်းကြေညာချက်လက်မှတ်၏ မှန်ကန်မှုနှင့်သက်ဆိုင်သော အချက်အလက်များကို ပံ့ပိုးပေးရမည်ဖြစ်သည်။

၅။ အဖွဲ့ဝင်နိုင်ငံများကြားတွင် ဆက်သွယ်ပြောဆိုထားသော အချက်အလက်များကို လျှို့ဝှက်အဖြစ် ကိုင်တွယ်ဆောင်ရွက်ရမည်ဖြစ်ပြီး ပင်ရင်းနိုင်ငံ သက်သေခံချက်၏ သက်တမ်းကို စစ်ဆေးရန်အတွက်သာ အသုံးပြုရမည်ဖြစ်သည်။

## စည်းမျဉ်း ၁၈
## နောက်ကြောင်းပြန် စစ်ဆေးမှု

တင်သွင်းသည့်အဖွဲ့ဝင်နိုင်ငံသည် အလျဉ်းသင့်သလိုဖြစ်စေ သို့မဟုတ် စာရွက်စာတမ်း မှန်ကန်မှု မရှိသည်ကို သံသယရှိသောအခါ သို့မဟုတ် အဆိုပါကုန်ပစ္စည်းများ ပင်ရင်းနိုင်ငံနှင့်ပတ်သက်သည့် အချက်အလက်များ၏ တိကျမှန်ကန်မှုသည် မေးခွန်းထုတ်ဖွယ်ဖြစ်သောအခါ သို့မဟုတ် သက်ဆိုင်သည့် အချို့သောအပိုင်းများကို မေးခွန်းထုတ်ဖွယ်ဖြစ်သောအခါတွင်ဖြစ်စေ အတည်ပြုပို့ကုန် တင်ပို့သည့်အဖွဲ့ဝင်နိုင်ငံရှိ ထောက်ခံချက်လက်မှတ်ထုတ်ပေးခွင့်ရှိသည့် အာဏာပိုင် သို့မဟုတ် လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်အား နောက်ကြောင်းပြန်အကျိုးသက်ရောက်မှုရှိသော စစ်ဆေးမှုကို လုပ်ဆောင်ရန် တောင်းဆိုနိုင်ပါသည်။ ယင်းကဲ့သို့ တောင်းဆိုလာပါက အတည်ပြုပို့ကုန် တင်ပို့သည့် အဖွဲ့ဝင်နိုင်ငံရှိ သက်သေခံလက်မှတ် ထုတ်ပေးခွင့်ရှိသည့် အာဏာပိုင် သို့မဟုတ် လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်သည် အောက်ဖော်ပြပါ အခြေအနေများပေါ်မူတည်၍ တင်ပို့သည့် ရက်စွဲ၌ သတ်မှတ်ထားသော (၆) လ အတွင်း လက်ရှိကုန်ကျစရိတ်နှင့် ဈေးနှုန်းများကို အခြေခံ၍ ကုန်ထုတ်လုပ်သူ/ အတည်ပြုပို့ကုန်တင်ပို့သူ၏ ကုန်ကျစရိတ်ထုတ်ပြန်ချက်အား နောက်ကြောင်းပြန်စစ်ဆေးခြင်း ဆောင်ရွက်ရမည်ဖြစ်သည်–

(က) နောက်ကြောင်းပြန်စစ်ဆေးရန် တောင်းဆိုချက်နှင့်အတူ သက်ဆိုင်သော ပင်ရင်းနိုင်ငံ ထောက်ခံချက် လက်မှတ်ပါရှိရမည်ဖြစ်ပြီး နောက်ကြောင်းပြန်စစ်ဆေးမှုကို အလျဉ်းသင့်သလိုတောင်းဆိုခြင်း မဟုတ်ပါက အကြောင်းပြချက်များနှင့် အဆိုပါပင်ရင်းနိုင်ငံ ထောက်ခံချက် လက်မှတ်ပါအချက်အလက်များသည် မမှန်ကန်နိုင်ကြောင်း ဖော်ပြထားသော အချက်အလက်များကို သတ်မှတ်ဖော်ပြရမည်ဖြစ်သည်။

(ခ) နောက်ကြောင်းပြန်စစ်ဆေးပေးရန် တောင်းဆိုချက်လက်ခံရရှိသော သက်သေခံလက်မှတ် ထုတ်ပေးခွင့်ရှိသည့် အာဏာပိုင် သို့မဟုတ် လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်သည် တောင်းဆိုမှုကို ချက်ချင်းတုံ့ပြန် ဆောင်ရွက်မည်ဖြစ်ကာ တောင်းဆိုချက်ရရှိပြီး ရက်ပေါင်း (၉၀) အတွင်း အကြောင်းပြန်ရမည်ဖြစ်သည်။

(ဂ) စစ်ဆေးခြင်းရလဒ်ကိုစောင့်ဆိုင်းနေစဉ် တင်သွင်းသည့် အဖွဲ့ဝင်နိုင်ငံရှိ အကောက်ခွန် အာဏာပိုင်သည် သက်သာခွင့်ဆောင်ရွက်ခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်များကို ဆိုင်းငံ့ထားနိုင်သည်။ သို့သော်အဆိုပါကုန်ပစ္စည်းများကို တင်သွင်းခွင့် တားမြစ်ချက် သို့မဟုတ် ကန့်သတ်ချက်အရ ဆိုင်းငံ့ထားခြင်းမဟုတ်သည့်အပြင် လိမ်လည်မှုသံသယတစ်စုံတစ်ရာ မရှိပါက လိုအပ်သည်ဟု ယူဆရသော စီမံခန့်ခွဲရေးစီမံချက်များပေါ် မူတည်၍ ၎င်းတို့ကို တင်သွင်းသူထံ ထုတ်ပေးနိုင်ပါသည်၊

(ဃ) သက်သေခံလက်မှတ် ထုတ်ပေးခွင့်ရှိသည့် အာဏာပိုင် သို့မဟုတ် လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်သည် စစ်ဆေးအတည်ပြုခြင်းလုပ်ငန်းစဉ်၏ ရလဒ်များကို တင်သွင်းသည့် အဖွဲ့ဝင်နိုင်ငံထံ ချက်ချင်းပေးပို့ရမည်ဖြစ်ပြီး စစ်ဆေးခံရသည့် ကုန်ပစ္စည်းသည် မူလထုတ်လုပ်ထားသည့်အတိုင်း ဟုတ်၊မဟုတ် ဆုံးဖြတ်ပေးရမည်ဖြစ်သည်။ ကုန်ပစ္စည်းသည် မူလထုတ်လုပ်ထားသည့်အတိုင်း ဟုတ်၊မဟုတ် ဆုံးဖြတ်ချက်ရလဒ်ကို တင်ပို့သည့် အဖွဲ့ဝင်နိုင်ငံ ထောက်ခံချက်လက်မှတ်ထုတ်ပေးခွင့်ရှိသည့် အာဏာပိုင် သို့မဟုတ် လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်ထံ အကြောင်းကြားခြင်းအပါအဝင် နောက်ကြောင်းပြန် စစ်ဆေးမှု လုပ်ငန်းစဉ်တစ်ခုလုံးကိုရက်ပေါင်း(၁၈၀)အတွင်း ပြီးမြောက်အောင်ဆောင်ရွက်ရမည်ဖြစ်သည်။ နောက်ကြောင်းပြန်စစ်ဆေးမှု၏ရလဒ်များကို စောင့်ဆိုင်းနေချိန်အတွင်း အပိုဒ် (ဂ) သည် သက်ရောက်မှုရှိမည်ဖြစ်သည်။

## စည်းမျဉ်း ၁၉
## လာရောက် စစ်ဆေးအတည်ပြုခြင်း

၁။ တင်သွင်းသည့် အဖွဲ့ဝင်နိုင်ငံသည် နောက်ကြောင်းပြန် အကျိုးသက်ရောက်မှုရှိသော စစ်ဆေးမှုရလဒ်များအပေါ် ကျေနပ်ခြင်းမရှိပါက ခြွင်းချက်အခြေအနေများ၌ အတည်ပြု ပို့ကုန်တင်ပို့သည့် အဖွဲ့ဝင်နိုင်ငံထံသို့ လာရောက်၊ စစ်ဆေးအတည်ပြုခွင့်ပြုရန် တောင်းဆိုမည်ဖြစ်သည်။

၂။ လာရောက်စစ်ဆေး အတည်ပြုခြင်းမပြုမီ တင်သွင်းသည့်အဖွဲ့ဝင်နိုင်ငံသည် လာရောက်စစ်ဆေးရခြင်းရည်ရွယ်ချက်ဆိုင်ရာအသိပေးအကြောင်းကြားစာကို တစ်ဖက်ပါတို့ထံသို့ ပေးပို့ရမည်ဖြစ်သည်–

(က) လာရောက်စစ်ဆေးခြင်းခံရမည့်အဆောက်အအုံနှင့်၎င်း၏ဥပစာများကို ပိုင်ဆိုင်သော အတည်ပြုပို့ကုန် တင်ပို့သူ/ကုန်ထုတ်လုပ်သူ၊

(ခ) စစ်ဆေးအတည်ပြုခြင်း လာရောက်ဆောင်ရွက်မည့် နယ်မြေအတွင်း ပိုင်စိုးသော အဖွဲ့ဝင်နိုင်ငံရှိ သက်သေခံလက်မှတ်ထုတ်ပေးခွင့်ရှိသည့် အာဏာပိုင် သို့မဟုတ် အခွင့်အာဏာရှိသော အာဏာပိုင်၊

(ဂ) စစ်ဆေးအတည်ပြုခြင်းလာရောက်ဆောင်ရွက်မည့် နယ်မြေအတွင်း အဖွဲ့ဝင်နိုင်ငံရှိ အကောက်ခွန်အာဏာပိုင် သို့မဟုတ် သက်ဆိုင်ရာ အစိုးရအာဏာပိုင်များနှင့်

(ဃ) လာရောက်စစ်ဆေး အတည်ပြုခြင်းခံရမည့် ကုန်ပစ္စည်းများ၏ တင်သွင်းသူ၊

၃။ အပိုဒ် ၂ တွင် ဖော်ပြထားသော အသိပေးအကြောင်းကြားစာတွင် အောက် ဖော်ပြပါအချက်များကို အဓိက ပြည့်စုံစွာ ဖော်ပြပါရှိရမည်-

(က) အကောက်ခွန်အာဏာပိုင် သို့မဟုတ် အသိပေးအကြောင်းကြားချက် ထုတ်ပြန်သည့် သက်ဆိုင်ရာ အစိုးရ အာဏာပိုင်များ၏အမည်

(ခ) လာရောက်စစ်ဆေး အတည်ပြုခြင်းခံရမည့် အဆောက်အအုံနှင့် ၎င်း၏ဥပစာများကို ပိုင်ဆိုင်သော အတည်ပြုပို့ကုန်တင်ပို့သူ/ ကုန်ထုတ်လုပ်သူ၏အမည်၊

(ဂ) လာရောက်စစ်ဆေး အတည်ပြုမည့် အဆိုပြုနေ့စွဲ၊

(ဃ) စစ်ဆေးအတည်ပြုခြင်းခံရမည့် ကုန်ပစ္စည်းများဆိုင်ရာ ရည်ညွှန်းချက် အပါအဝင် အဆိုပြုထားသော လာရောက်စစ်ဆေးအတည်ပြုမှုတွင် အကျုံးဝင်သည့်အရာများ နှင့်

(င) လာရောက်စစ်ဆေး အတည်ပြုခြင်း ဆောင်ရွက်မည့်အရာရှိများ၏ အမည်နှင့်ရာထူးများ။

၄။ တင်သွင်းသည့် အဖွဲ့ဝင်နိုင်ငံသည် အပိုဒ် ၂ တွင် ဖော်ပြထားသည့်အတိုင်း အဆိုပြုထားသော လာရောက်စစ်ဆေးအတည်ပြုမှု မဆောင်ရွက်မီ

လာရောက်စစ်ဆေးမည့် အဆောက်အအုံနှင့် ၎င်း၏ဥပစာများကို ပိုင်ဆိုင်သောအတည်ပြုပို့ကုန် တင်ပို့သူ/ ကုန်ထုတ်လုပ်သူ၏ ခွင့်ပြုစာကို ရယူရမည်ဖြစ်သည်။

၅။ အပိုဒ် ၂ အရ အသိပေးအကြောင်းကြားစာရရှိပြီး ရက်ပေါင်း (၃၀) အတွင်း အတည်ပြုပို့ကုန် တင်ပို့သူ/ကုန်ထုတ်လုပ်သူထံမှ ခွင့်ပြုစာမရရှိပါက အကြောင်းကြားသည့် အဖွဲ့ဝင်နိုင်ငံသည် လာရောက်စစ်ဆေးအတည်ပြုခြင်းခံရမည့်ကုန်ပစ္စည်းများအတွက် အကောက်ခွန် သက်သာခွင့် ဆောင်ရွက်မှုကို ငြင်းဆိုနိုင်ပါသည်။

၆။ အသိပေးအကြောင်းကြားစာရရှိသော သက်သေခံလက်မှတ် ထုတ်ပေးခွင့်ရှိသည့် အာဏာပိုင် သို့မဟုတ် လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်သည် အဆိုပြုထားသည့် လာရောက်စစ်ဆေး အတည်ပြုမှုကို ရွှေ့ဆိုင်းနိုင်ပြီး တင်သွင်းသည့်အဖွဲ့ဝင်နိုင်ငံကို အဆိုပါ ရည်ရွယ်ချက်အား အကြောင်းကြားနိုင်ပါသည်။ ရွှေ့ဆိုင်းထားသော်လည်း လာရောက်စစ်ဆေးအတည်ပြုခြင်းကို အဆိုပါအကြောင်းကြားချက် ရရှိသည့် ရက်စွဲမှ ရက်ပေါင်း(၆၀)အတွင်း သို့မဟုတ် သက်ဆိုင်သည့်အဖွဲ့ဝင်နိုင်ငံများမှ သဘောတူညီသည့် ပိုမိုကြာမြင့်သောကာလအတွင်း၌ ဆောင်ရွက်မည်ဖြစ်သည်။

၇။ လာရောက်စစ်ဆေးအတည်ပြုခြင်း ဆောင်ရွက်မည့်အဖွဲ့ဝင်နိုင်ငံသည် စစ်ဆေးခြင်းခံရသည့် ကုန်ပစ္စည်းများက မူလထုတ်လုပ်သည့်ကုန်ပစ္စည်းများကဲ့သို့ပင် အရည်အသွေး ပြည့်မီခြင်း ရှိ၊ မရှိ ဆုံးဖြတ်ချက်စာကို စစ်ဆေးခြင်းခံရမည့် ကုန်ပစ္စည်းများကို ပိုင်ဆိုင်သော အတည်ပြုပို့ကုန် တင်ပို့သူ/ကုန်ထုတ်လုပ်သူနှင့် သက်သေခံလက်မှတ်ထုတ်ပေးခွင့်ရှိသည့် သက်ဆိုင်ရာ အာဏာပိုင် သို့မဟုတ် လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်ထံသို့ ပေးပို့ရမည်ဖြစ်သည်။

၈။ စစ်ဆေးခြင်းခံရသည့် ကုန်ပစ္စည်းများသည် မူလထုတ်လုပ်သော ကုန်ပစ္စည်းများကဲ့သို့ပင် အရည်အသွေးပြည့်မီကြောင်း ဖော်ပြထားသည့် အပိုဒ် ၇ တွင် ရည်ညွှန်းဖော်ပြထားသော ဆုံးဖြတ်ချက်စာ ရရှိသည်နှင့် ဆိုင်းငံ့ခြင်းခံထားရသော အကောက်ခွန်သက်သာခွင့် ဆောင်ရွက်ခွင့်ကို ပြန်လည် ပေးအပ်ရမည်ဖြစ်သည်။

၉။ ကုန်ပစ္စည်းများ၏ အရည်အသွေးပြည့်မီမှုနှင့်ပတ်သက်သည့် မှတ်ချက်များ သို့မဟုတ် လိုအပ်သော အချက်အလက်များကို ရေးသားဖော်ပြရန်အတွက် အတည်ပြုပို့ကုန် တင်ပို့သူ/ ကုန်ထုတ်လုပ်သူအား ဆုံးဖြတ်ချက်စာ လက်ခံရရှိသည့်ရက်မှ ရက်ပေါင်း (၃၀) ခွင့်ပြုမည် ဖြစ်သည်။ ကုန်ပစ္စည်း များသည် မူလထုတ်လုပ်သည့်အတိုင်း မဟုတ်ကြောင်း တွေ့ရှိရဆဲဖြစ်ပါက အတည်ပြုပို့ကုန် တင်ပို့သူ/ကုန်ထုတ်လုပ်သူထံမှ မှတ်ချက်များ/ လိုအပ် သော အချက်အလက်များ ရရှိသည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း အပြီးသတ် တင်ပြချက်ကို သက်သေခံလက်မှတ် ထုတ်ပေးခွင့်ရှိသည့် အာဏာပိုင် သို့မဟုတ် လုပ်ပိုင်ခွင့်ရအာဏာပိုင်ထံ ဆက်သွယ်အသိပေးရမည်ဖြစ်သည်။

၁၀။ အမှန်တကယ် လာရောက်စစ်ဆေးခြင်းနှင့် စစ်ဆေးခြင်းခံရသည့် ကုန်ပစ္စည်းများသည် မူလထုတ်လုပ်ထားသည့်အတိုင်း ဟုတ်၊မဟုတ် ဆုံးဖြတ်ချက်အပါအဝင် လာရောက် စစ်ဆေးအတည်ပြုခြင်းလုပ်ငန်း စဉ်ကို အများဆုံးရက်ပေါင်း (၁၈၀) အတွင်း ဆောင်ရွက်ရမည်ဖြစ်ပြီး ရလဒ်များကို ထောက်ခံချက်ထုတ်ပေးခွင့်ရှိသည့် အာဏာပိုင် သို့မဟုတ် လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်ထံသို့ ဆက်သွယ် အသိပေးမည်ဖြစ်သည်။ လာရောက် စစ်ဆေးအတည်ပြုခြင်း၏ ရလဒ်များကို စောင့်ဆိုင်းနေစဉ် အကောက်ခွန်သက်သာခွင့် ဆောင်ရွက်မှုကိုဆိုင်းငံ့ခြင်းနှင့်သက်ဆိုင်သော စည်းမျဉ်း ၁၈ (ဂ) အရ သက်ရောက်မှု ရှိမည်ဖြစ်သည်။

## စည်းမျဉ်း ၂၀
## လျှို့ဝှက် ထားရှိခြင်း

အဖွဲ့ဝင်နိုင်ငံများသည် ဥပဒေများ၊ စည်းမျဉ်းများနှင့်အညီ စည်းမျဉ်း ၁၈ နှင့် ၁၉ အရ စစ်ဆေးအတည်ပြုခြင်း လုပ်ငန်းစဉ်၌ ရယူစုဆောင်းထားသော လုံခြုံရေး အဆင့် သတ်မှတ်ထားသည့် လုပ်ငန်းအချက်အလက်များအား လျှို့ဝှက်ထား ရှိရမည်ဖြစ်ပြီး အချက်အလက်များ ပံ့ပိုးပေးထားသော လူပုဂ္ဂိုလ်၏ပုဂ္ဂိုလ်ရေးကို ထိခိုက်သွားစေနိုင်သည့်အချက်အလက်များ မပေါက်ကြားစေရန် ကာကွယ်ရမည်ဖြစ်သည်။ လုံခြုံရေးအဆင့် သတ်မှတ်ထားသည့် လုပ်ငန်းအချက်အလက်များကို စီမံခန့်ခွဲရေးနှင့် ပင်ရင်းနိုင်ငံ စိစစ်သတ်မှတ်ရာ၌ စည်းကမ်းကြီးကြပ်ရန် တာဝန်ရှိသော အာဏာပိုင် များထံသို့သာ ဖွင့်ဟထုတ်ဖော်နိုင်မည်ဖြစ်သည်။

## စည်းမျဉ်း ၂၁

### အပိုဒ်ခွဲ ၃၂ (၂) (ခ) ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအတွက် စာရွက်စာတမ်းအထောက်အထား (ကုန်စည်တိုက်ရိုက်ပို့ဆောင်မှု)

ဤသဘောတူစာချုပ်၏ အပိုဒ်ခွဲ ၃၂ (၂) (ခ) ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် သယ်ယူပို့ဆောင်ရေးသည် အဖွဲ့ဝင် မဟုတ်သော နိုင်ငံတစ်နိုင်ငံသို့မဟုတ် ပိုမိုများပြားသော နိုင်ငံများ၏ နယ်နိမိတ်ကို ဖြတ်ကျော်သက်ရောက်မှုရှိပါက အောက်ဖော်ပြပါစာရွက်စာတမ်းများကို တင်သွင်းသည့်အဖွဲ့ဝင်နိုင်ငံရှိ အစိုးရအာဏာပိုင်များထံ ထုတ်ပေးရမည်ဖြစ်သည်–

(က) တင်ပို့သည့် အဖွဲ့ဝင်နိုင်ငံထံတွင် ထုတ်ပေးထားသော သင်္ဘောပါ အသေးစိတ်ကုန်စာရင်း၊

(ခ) တင်ပို့သည့်အဖွဲ့ဝင်နိုင်ငံရှိ သက်ဆိုင်ရာအစိုးရအာဏာပိုင်များမှ ထုတ်ပေးထားသော ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် (Form D) သို့မဟုတ် တင်ပို့သည့်အဖွဲ့ဝင်နိုင်ငံရှိ CE မှ ထုတ်ပေးထားသော ပင်ရင်းကြေညာချက်လက်မှတ်၊

(ဂ) ကုန်ပစ္စည်းများနှင့် သက်ဆိုင်သော လုပ်ငန်းကုန်ပို့လွှာ မူရင်း၊ မိတ္တူ (ရှိပါက) နှင့်

(ဃ) ဤသဘောတူစာချုပ်ပါ အပိုဒ်ခွဲ ၃၂ (၂) (ခ) အပိုဒ် (၁)(၂) နှင့် (၃) တို့တွင် ဖော်ပြထားသောလိုအပ်ချက်များနှင့် ကိုက်ညီကြောင်း သက်သေခံသည့် အထောက်အကူပြု စာရွက်စာတမ်းများ။

## စည်းမျဉ်း ၂၂

### ကုန်စည်များ ပြသခြင်း

၁။ အခြားအဖွဲ့ဝင်နိုင်ငံတွင် ကျင်းပမည့် ကုန်စည်ပြပွဲအတွက် တင်ပို့သည့် အဖွဲ့ဝင်နိုင်ငံမှ ပေးပို့လိုက်ပြီး ကုန်စည်ပြပွဲကျင်းပနေစဉ် သို့မဟုတ် ကုန်စည်ပြပွဲပြီးနောက် ရောင်းထွက်သွားကာ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအတွင်းသို့

တင်သွင်းမည့်ကုန်ပစ္စည်းများအတွက် ဤသဘောတူစာချုပ်၏ အခန်း ၃ တွင် သတ်မှတ်ဖော်ပြထားသော သတ်မှတ်ချက်များကို ပြည့်မီပါက ဤသဘောတူညီချက်အရ ခွင့်ပြုထားသည့် အကောက်ခွန်သက်သာခွင့် ဆောင်ရွက်ခွင့်ကို ခွင့်ပြုပေးရမည်ဖြစ်သည်။ ထိုသို့ခွင့်ပြုရာ၌ အောက်ဖော်ပြပါ အခြေအနေတို့ကို တင်သွင်းသည့်အဖွဲ့ဝင်နိုင်ငံရှိ သက်ဆိုင်ရာအစိုးရ အာဏာပိုင်များ ကျေနပ်လက်ခံသည်အထိ ပြသရမည်ဖြစ်သည်–

(က) အတည်ပြုပို့ကုန်တင်ပို့သူသည် အဆိုပါကုန်ပစ္စည်းများကို တင်ပို့သည့် အဖွဲ့ဝင် နိုင်ငံ၏ ကုန်စည်ပြပွဲတွင် ခင်းကျင်းပြသမည့်အဖွဲ့ဝင်နိုင်ငံထံသို့ ပေးပို့ထားကြောင်း၊

(ခ) အတည်ပြုပို့ကုန်တင်ပို့သူသည် ကုန်ပစ္စည်းများကိုတင်သွင်းသည့်အဖွဲ့ဝင်နိုင်ငံရှိ ကုန်စည်လက်ခံသူထံ ရောင်းချထားကြောင်း သို့မဟုတ် လွှဲပြောင်းပေးအပ်ထားကြောင်းနှင့်

(ဂ) ကုန်ပစ္စည်းများကို ပြပွဲကျင်းပနေစဉ် ကာလအတွင်း သို့မဟုတ် ကျင်းပပြီးလျှင်ပြီးချင်း တင်သွင်းမည့် အဖွဲ့ဝင်နိုင်ငံသို့ ၎င်းတို့ကို ပြပွဲသို့ပေးပို့ခဲ့သည့် အခြေအနေအတိုင်း ပို့ဆောင်ပေးထားကြောင်း။

၂။ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် (Form D) ပါ အပိုဒ် ၁ ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ရည်ရွယ်ချက်များအတွက် သို့မဟုတ် CE ဖြစ်လျှင် ပင်ရင်းကြေညာချက် လက်မှတ်ကို တင်သွင်းသည့် အဖွဲ့ဝင်နိုင်ငံရှိ သက်ဆိုင်ရာအစိုးရအာဏာပိုင်များထံ ပေးအပ်ရမည် ဖြစ်သည်။ ပြပွဲအမည်နှင့်လိပ်စာကို ဖော်ပြထားရမည်ဖြစ်သည်။ ပြပွဲကျင်းပသည့် အဖွဲ့ဝင်နိုင်ငံရှိ သက်ဆိုင်ရာအစိုးရ အာဏာပိုင်များသည် ထုတ်ကုန်များကို အမျိုးအမည်ခွဲခြား သတ်မှတ်ခြင်းနှင့် အဆိုပါထုတ်ကုန်များကို ခင်းကျင်းပြသခြင်းဆိုင်ရာ စည်းမျဉ်းများအတွက် စည်းမျဉ်း ၂၁ (ဃ)တွင် ပြဋ္ဌာန်းထားသော အထောက်အကူပြု စာရွက်စာတမ်းများနှင့်အတူ သက်သေကို ပေးအပ်နိုင်သည်။

၃။ အပိုဒ် ၁ သည် ကုန်သွယ်မှု၊ စိုက်ပျိုးရေး သို့မဟုတ် လက်မှုပစ္စည်းများ ပြပွဲ၊ ဈေးရောင်းပွဲ သို့မဟုတ် အလားတူပွဲ သို့မဟုတ် ဆိုင်များတွင် ခင်းကျင်းပြသထားခြင်း သို့မဟုတ် နိုင်ငံခြားကုန်ပစ္စည်းများကို ရောင်းချရန် ပြသထားသည့်အဆောက်အအုံ ဥပစာများနှင့် ပြပွဲ ကျင်းပနေစဉ် အကောက်ခွန်ဦးစီးဌာန၏ ထိန်းချုပ်မှုအောက်၌ ရှိနေသည့် ကုန်ပစ္စည်းများ အပေါ် သက်ရောက်မှုရှိပါသည်။

## စည်းမျဉ်း ၂၃
## ပြင်ပနိုင်ငံမှကုန်ပို့လွှာပေးပို့ခြင်း

၁။ တင်သွင်းသည့် အဖွဲ့ဝင်နိုင်ငံရှိ သက်ဆိုင်ရာအစိုးရအာဏာပိုင်များသည် ပြင်ပနိုင်ငံ၌ တည်ရှိသော ကုမ္ပဏီတစ်ခုမှ သို့မဟုတ် ဖော်ပြပါကုမ္ပဏီကိုယ်စား အာဆီယံတွင်းရှိ တင်ပို့သူမှ အရောင်းကုန်ပို့လွှာကို ထုတ်ပေးသော အခြေအနေများ၌ ကုန်ပစ္စည်းများသည် ဤသဘောတူစာချုပ်၏ အခန်း (၃) ပါ သတ်မှတ်ချက်များကို ပြည့်မီပါက ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်ကို လက်ခံရမည်ဖြစ်သည်။

၂။ တင်ပို့သူသည် "ပြင်ပနိုင်ငံမှကုန်ပို့လွှာပေးပို့ခြင်း" ဟုဖော်ပြရမည်ဖြစ်ပြီး ပင်ရင်းနိုင်ငံ သက်သေခံ လက်မှတ် (Form D) ပါကုန်ပို့လွှာ ထုတ်ပေးသည့် ကုမ္ပဏီအမည်နှင့် ကုမ္ပဏီတည်ရှိရာ နိုင်ငံကဲ့သို့သော အချက်အလက်များကိုလည်း ဖော်ပြရမည်ဖြစ်သည်။

၃။ ပြင်ပနိုင်ငံ၌တည်ရှိသော ကုမ္ပဏီတစ်ခုမှ သို့မဟုတ် ဖော်ပြပါကုမ္ပဏီကိုယ်စား အာဆီယံတွင်းရှိတင်ပို့သူမှအရောင်းကုန်ပို့လွှာထုတ်ပေးသောအခြေအနေများ၌ CE သည် ငွေတောင်းခံလွှာ၊ ကုန်ပို့အမှာစာ သို့မဟုတ် ကုန်ထုပ်ပိုးမှုစာရင်းတွင် ပင်ရင်းကြေညာချက် လက်မှတ်ကို ထုတ်ပေးနိုင်ပါသည်။

## စည်းမျဉ်း ၂၄
## လိမ်လည်မှုများကိုအရေးယူခြင်း

၁။ ပင်ရင်းနိုင်ငံထောက်ခံချက်နှင့်စပ်လျဉ်း၍ လိမ်လည်မှုများကျူးလွန်သည်ဟု သံသယရှိပါက သက်ဆိုင်ရာအစိုးရ အာဏာပိုင်များသည် ပါဝင်ပတ်သက်သူများအပေါ် သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံမှအရေးယူဆောင်ရွက်ရာ၌ ပူးပေါင်းပါဝင်ရမည်ဖြစ်သည်။

၂။ အဖွဲ့ဝင်နိုင်ငံတိုင်းသည် ပင်ရင်းနိုင်ငံထောက်ခံချက် လက်မှတ်နှင့်ဆက်စပ်သည့် လိမ်လည်မှုများအတွက် ဥပဒေအရ ပိတ်ဆို့အရေးယူမှုများ ဆောင်ရွက်ရမည်ဖြစ်သည်။

## စည်းမျဉ်း ၂၅
## FOB ဈေးနှုန်း

စည်းမျဉ်း ၁၁ (ခ) တွင် ဖော်ပြပါအတိုင်း ဤသဘောတူစာချုပ်၏ ရည်ရွယ်ချက်များအတွက် ဤသဘောတူစာချုပ်၏ အပိုဒ်ခွဲ ၂၉ တွင် သတ်မှတ်ဖော်ပြထားသော ပုံသေနည်းကို အသုံးပြု၍ တွက်ချက်သော ဒေသဆိုင်ရာ တန်ဖိုးပါဝင်မှုပမာဏကို ပင်ရင်းနိုင်ငံအား ဆုံးဖြတ်ရာ၌ အသုံးပြုသည့် ကိစ္စရပ်များတွင် ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ် (Form D) ၏ တစ်ဖက်စာ မျက်နှာပါ မှတ်ချက်များတွင် ဖော်ပြထားသော FOB ဈေးနှုန်းနှင့်ဆက်စပ်နေသည့်စာပိုဒ်တွင် ဖော်ပြထားသည့် အဖွဲ့ဝင်နိုင်ငံများမှ လိုအပ်သည့်အတိုင်း ပင်ရင်းနိုင်ငံသက်သေခံချက်နှင့် ကျောထောက်နောက်ခံပြု ထုတ်ပေးသည့် ပင်ရင်းနိုင်ငံ ထောက်ခံချက် လက်မှတ်တို့တွင် FOB ဈေးနှုန်းကိုသာ ဖော်ပြရမည်ဖြစ်သည်။

## စည်းမျဉ်း ၂၆

### စာရွက်ပုံစံနှင့်အီလက်ထရောနစ်ပုံစံပင်ရင်းနိုင်ငံသက်သေခံလက်မှတ် (အီလက်ထရောနစ်-Form D) တို့၏တူညီမှု

၁။ ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ် (Form D) ကို စာရွက်အစား ဥပဒေကြောင်းအရ အလားတူ သက်ရောက်မှုရှိသော အီလက်ထရောနစ် Form ဖြင့် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်းနှင့် လက်ခံခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။

၂။ စည်းမျဉ်း ၂၇ မှ ၃၁ အထိ ပင်ရင်းနိုင်ငံ အီလက်ထရောနစ်သက်သေခံ လက်မှတ် (အီလက်ထရောနစ်-Form D) နှင့် သက်ဆိုင်ပါသည်။ စည်းမျဉ်း ၂၇ မှ ၃၁ အထိ တစ်နည်း ဖော်ပြထားခြင်းမရှိပါက စည်းမျဉ်း ၁ မှ ၆၊ ၈၊ ၁၀၊ ၁၁၊ ၁၄ မှ ၁၆ နှင့် ၁၈ မှ ၂၅ တို့သည် ပင်ရင်းနိုင်ငံ အီလက်ထရောနစ်သက်သေခံလက်မှတ် (အီလက်ထရောနစ်-Form D) စီမံဆောင်ရွက်မှုအပေါ် သက်ရောက်မှုရှိမည်ဖြစ်သည်။

## စည်းမျဉ်း၂၇

### ပင်ရင်းနိုင်ငံအီလက်ထရောနစ်သက်သေခံလက်မှတ် (အီလက်ထရောနစ်-Form D)

၁။ အချက်အလက်များ ဖလှယ်အသုံးပြုနိုင်စွမ်းရှိကြောင်း စိတ်ချသေချာနိုင်စေရန်အတွက် အဖွဲ့ဝင်နိုင်ငံများသည် ATIGA အီလက်ထရောနစ်-Form D လုပ်ငန်းစဉ် သတ်မှတ်ချက်နှင့် သတင်းစကား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း လမ်းညွှန်ချက်အတိုင်း ပင်ရင်းနိုင်ငံ အီလက်ထရောနစ်သက်သေခံလက်မှတ် (အီလက်ထရောနစ်-FormD) ကို လဲလှယ်ရမည်ဖြစ်ပြီး ၎င်းတို့ကို အခါအားလျော်စွာ ပြင်ဆင်မွမ်းမံနိုင်ပါသည်။

၂။ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံသည် ATIGA အီလက်ထရောနစ်-Form D လုပ်ငန်းစဉ် သတ်မှတ်ချက်နှင့် သတင်းစကား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း လမ်းညွှန်ချက်တွင် ဖော်ပြထားသည့် အီလက်ထရောနစ်လုပ်ငန်းစဉ်များနှင့် ဆက်စပ်အချက်အလက်အားလုံးကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ဆန္ဒမရှိပါက အဆိုပါအဖွဲ့ဝင်နိုင်ငံသည် အာဆီယံအတွင်းရေးမှူးချုပ်ရုံး

မှတစ်ဆင့် ၎င်းအကောင်အထည်ဖော်ဆောင်ရွက်လိုသောလုပ်ငန်းစဉ်များနှင့် ဆက်စပ်အချက်အလက်များကို အခြားသော အဖွဲ့ဝင်နိုင်ငံများထံသို့ အကြောင်းကြားရမည်ဖြစ်သည်။

## စည်းမျဉ်း ၂၈

### ပင်ရင်းနိုင်ငံအီလက်ထရောနစ်သက်သေခံလက်မှတ်(အီလက်ထရောနစ်–Form D) လျှောက်ထားချက်အား စစ်ဆေးခြင်း

စည်းမျဉ်း ၆ (က) အစား ပင်ရင်းနိုင်ငံအီလက်ထရောနစ်သက်သေခံလက်မှတ် (အီလက်ထရောနစ် –Form D) လျှောက်ထားချက်ကို အီလက်ထရောနစ်စနစ်ဖြင့် လက်ခံရမည်ဖြစ်ပြီး ပြည့်စုံမှန်ကန်ကြောင်း မှန်မှန်ကန်ကန် စစ်ဆေးအတည်ပြုရမည်ဖြစ်သည်။

## စည်းမျဉ်း၂၉

### ပင်ရင်းနိုင်ငံအီလက်ထရောနစ်သက်သေခံလက်မှတ် (အီလက်ထရောနစ်–Form D) ထုတ်ပေးခြင်း

၁။ ခြွင်းချက်အနေဖြင့် တင်ပို့သူသည် ပင်ရင်းနိုင်ငံ အီလက်ထရောနစ်သက်သေခံလက်မှတ် (အီလက်ထရောနစ်–Form D) ကို ပြန်လည်ထုတ်ပေးရန်အတွက် ထောက်ခံချက်လက်မှတ် ထုတ်ပေးခွင့်ရှိသည့် အာဏာပိုင်ရုံး၏ လုပ်ငန်းစဉ်များအတိုင်း ပင်ရင်းနိုင်ငံ အီလက်ထရောနစ် သက်သေခံလက်မှတ် (အီလက်ထရောနစ်–Form D) မူရင်းထုတ်ပေးသည့်ရက်စွဲမှ (၁) နှစ်အတွင်း သက်သေခံလက်မှတ် ထုတ်ပေးခွင့်ရှိသည့် အာဏာပိုင်ထံ လျှောက်ထားနိုင်ပါသည်။

၂။ ATIGA အီလက်ထရောနစ် – Form D လုပ်ငန်းစဉ် သတ်မှတ်ချက်နှင့် သတင်းစကား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း လမ်းညွှန်ချက်တွင် ဖော်ပြထားသည့် အီလက်ထရောနစ် လုပ်ငန်းစဉ်အပြင် ပင်ရင်းနိုင်ငံ အီလက်ထရောနစ် သက်သေခံလက်မှတ် (အီလက်ထရောနစ်–FormD) ကို အတည်ပြုပို့ကုန် တင်ပို့သူထံသို့ ထုတ်ပေးသည့် အဖွဲ့ဝင်နိုင်ငံ၏ NSW မှ တိုက်

ရိုက်ထပ်ဆင့်ပေးပို့နိုင်ပြီး အဆိုပါ သက်သေခံလက်မှတ် (အီလက် ထရောနစ်–Form D) ကို တင်ပို့သူ သို့မဟုတ် တင်သွင်းသည့်အဖွဲ့ဝင်နိုင်ငံ၏ NSW မှ တစ်ဆင့် တင်သွင်းသူထံသို့ တိုက်ရိုက် ထပ်ဆင့်ပေးပို့နိုင်ပါသည်။

၃။ Data ပျောက်ဆုံးသွားစေသော နည်းပညာပိုင်းဆိုင်ရာ ချို့ယွင်းမှုများအပြင် ထိုမျှမကသော ခြွင်းချက်အခြေအနေများ၌ လက်ခံရရှိသည့် အဖွဲ့ဝင်နိုင်ငံသည် ပေးပို့သည့်အဖွဲ့ဝင်နိုင်ငံထံမှ ပင်ရင်းနိုင်ငံ အီလက်ထရောနစ်သက်သေခံလက်မှတ် (အီလက်ထရောနစ်–Form D) ကို ထပ်မံပေးပို့ရန် တောင်းဆိုနိုင်ပါသည်။

၄။ ပင်ရင်းနိုင်ငံ အီလက်ထရောနစ်သက်သေခံလက်မှတ် (အီလက်ထရောနစ်–Form D) အသစ် တစ်စောင်ကို ထုတ်ပေးခြင်းဖြင့် အဆိုပါသက်သေခံလက်မှတ် (အီလက်ထရောနစ်–Form D) ကို ပြင်ဆင် ပြောင်းလဲရမည်ဖြစ်ပြီး သက်သေခံလက်မှတ် (အီလက်ထရောနစ်–Form D) အဟောင်းကို ATIGA အီလက်ထရောနစ် Form D လုပ်ငန်းစဉ် သတ်မှတ်ချက်နှင့် သတင်းစကား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း လမ်းညွှန်ချက်တွင် ဖော်ပြထားသော လုပ်ငန်းစဉ်အတိုင်း ပယ်ဖျက်ရမည်ဖြစ်သည်။

## စည်းမျဉ်း ၃၀

### ပင်ရင်းနိုင်ငံအီလက်ထရောနစ် သက်သေခံလက်မှတ် (အီလက်ထရောနစ်–Form D) ကို တင်ပြခြင်း

၁။ အကောက်ခွန်သက်သာခွင့် တောင်းခံရန် ရည်ရွယ်ချက်များအတွက် တင်သွင်းသူသည် တင်သွင်းချိန်၌ ပင်ရင်းနိုင်ငံ အီလက်ထရောနစ် သက်သေခံလက်မှတ် (အီလက်ထရောနစ်–Form D) ပါ အချက်အလက်များ ပါဝင်သည့် တင်သွင်းမှုဆိုင်ရာ ထုတ်ပြန်ချက် အကိုးအကားနံပါတ်၊ အထောက်အကူပြု စာရွက်စာတမ်းများ (ကုန်ပို့လွှာများနှင့် လိုအပ်ပါက တင်ပို့သည့် အဖွဲ့ဝင်နိုင်ငံ၏ ပိုင်နက်အတွင်း ထုတ်ပေးခဲ့သော သင်္ဘောတင် ကုန်အသေးစိတ်စာရင်း) နှင့်တင်သွင်းသည့် အဖွဲ့ဝင်နိုင်ငံ၏ ဥပဒေ၊ စည်းမျဉ်းများအရ လိုအပ်သော အခြားစာရွက်စာတမ်းများကို တင်သွင်းသည့် အဖွဲ့ဝင်နိုင်ငံရှိ အကောက်ခွန်အာဏာပိုင်ထံသို့ တင်ပြရမည်ဖြစ်သည်။

၂။ တင်သွင်းသည့် အဖွဲ့ဝင်နိုင်ငံရှိ အကောက်ခွန်အာဏာပိုင်သည် ATIGA အီလက်ထရောနစ်–Form D လုပ်ငန်းစဉ် သတ်မှတ်ချက်နှင့် သတင်းစကား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း လမ်းညွှန်ချက်တွင် ဖော်ပြထားသော အကောက်ခွန်ပြန်ကြားချက်အတွက် သတင်းစကား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း လမ်းညွှန်ချက်နှင့်အညီ ပင်ရင်းနိုင်ငံ အီလက်ထရောနစ်သက်သေခံလက်မှတ် (အီလက်ထရောနစ်–Form D) ၏အသုံးပြုမှုအခြေအနေကို ဖော်ပြထားသော အီလက်ထရောနစ်စနစ်ဖြင့် အကောက်ခွန်ပြန်ကြားချက်ကို ထုတ်ပေးနိုင်သည်။ အဆိုပါပြန်ကြားချက်ကို ထုတ်ပေးပါက အသုံးပြုမှုအခြေအနေကို ကုန်တင်သွင်းပြီး နောက်မကြာမီအတွင်း သို့မဟုတ် ပင်ရင်းနိုင်ငံ အီလက်ထရောနစ် သက်သေခံလက်မှတ်၏ သက်တမ်းကာလအတွင်း ထိုပြန်ကြားချက်ထုတ်ပေးသည့်အချိန်၌ ASW မှတစ်ဆင့် ထောက်ခံချက်လက်မှတ် ထုတ်ပေးခွင့်ရှိသည့် အာဏာပိုင်ထံသို့ အီလက်ထရောနစ် သက်သေခံစနစ်ဖြင့် ပေးပို့ရမည်ဖြစ်သည်။

၃။ ပင်ရင်းနိုင်ငံ အီလက်ထရောနစ်သက်သေခံလက်မှတ် (အီလက်ထရောနစ်–Form D) ကို တင်သွင်းသည့် အဖွဲ့ဝင်နိုင်ငံရှိ အကောက်ခွန်အာဏာပိုင်က ပယ်ချခဲ့ပါက အဆိုပါ အကောက်ခွန်အာဏာပိုင်သည်–

(က) ATIGA အီလက်ထရောနစ်–Form D လုပ်ငန်းစဉ်သတ်မှတ်ချက်နှင့်သတင်းစကား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း လမ်းညွှန်ချက်နှင့်အညီ အကောက်ခွန် သက်သာခွင့်ပေးရသည့် အကြောင်းပြချက် အပါအဝင် ပယ်ချမှုအခြေအနေကို ပယ်ချရခြင်းအကြောင်းအရင်းများနှင့်တကွ သင့်လျော်သလို ဖော်ပြထားသည့် အီလက်ထရောနစ်စနစ်ဖြင့် အကောက်ခွန်ပြန်ကြားချက်ကို ထုတ်ပေးမည်ဖြစ်သည်။ အဆိုပါအီလက်ထရောနစ်စနစ်ဖြင့် အကောက်ခွန် ပြန်ကြားချက်ကို ထုတ်ပေးပါက ထိုပြန်ကြားချက်က ပင်ရင်းနိုင်ငံ အီလက် ထရောနစ်သက်သေခံလက်မှတ် (အီလက်ထရောနစ်–Form D) လက်ခံရရှိသည့် ရက်စွဲမှ ရက်ပေါင်း (၆၀) ထက်မကျော်လွန်ဘဲ သင့်လျော်သည့်အချိန် အတိုင်းအတာအတွင်း တင်ပို့သည့်အဖွဲ့ဝင်နိုင်ငံရှိထောက်ခံချက်လက်မှတ်ထုတ် ပေးခွင့်ရှိသည့်အာဏာပိုင်ထံသို့ အီလက်ထရောနစ်စနစ်ဖြင့် ASW မှတစ်ဆင့် ပေးပို့ရမည်ဖြစ်သည်။

(ခ) အပိုဒ် ၃ (က) ပါ လုပ်ငန်းစဉ်ကို မလုပ်ဆောင်နိုင်သော အခြေအနေများ၌ တင်သွင်းသည့် အဖွဲ့ဝင်နိုင်ငံရှိ အကောက်ခွန်အာဏာပိုင်သည် စာဖြင့်ရေးသားဖော်ပြထားသော အကောက်ခွန်သက်သာခွင့် ပယ်ချရသည့်အကြောင်းအချက်များကို ပင်ရင်းနိုင်ငံ အီလက် ထရောနစ်သက်သေခံလက်မှတ် (အီလက်ထရောနစ်- Form D) အကိုးအကားနံပါတ်နှင့်အတူ ရက်ပေါင်း (၆၀) ထက် မကျော်လွန်ဘဲ သင့်လျော်သော အချိန်အတိုင်းအတာအတွင်း တင်ပို့သည့် အဖွဲ့ဝင် နိုင်ငံ၏ ထောက်ခံချက် လက်မှတ်ထုတ်ပေးခွင့်ရှိသည့် အာဏာပိုင်ထံသို့ အသိပေး အကြောင်းကြားနိုင်သည်။

၄။ အထက်ပါစာပိုဒ်တွင် ဖော်ပြထားသည့်အတိုင်း ပင်ရင်းနိုင်ငံအီလက်ထရောနစ် သက်သေခံလက်မှတ် (အီလက်ထရောနစ်-Form D) ကို လက်မခံလျှင် တင်သွင်းသော အဖွဲ့ဝင်နိုင်ငံသည် ထောက်ခံချက်လက်မှတ် ထုတ်ပေး ခွင့်ရှိသောအာဏာပိုင်မှ ထုတ်ပြန်ထားသည့် ရှင်းလင်းချက်များကို လက်ခံပြီး ထည့်သွင်းစဉ်းစား၍ (အီလက်ထရောနစ်-Form D) အား အကောက် ခွန်သက်သာခွင့် ဆောင်ရွက်ခွင့်ပြုရန်အတွက် လက်ခံနိုင်ခြင်း ရှိ၊ မရှိ ကို ထပ်မံစဉ်းစားသင့်သည်။ ရှင်းလင်းချက်သည်တင်သွင်းသော အဖွဲ့ဝင်နိုင်ငံမှ တင်ပြထားသည့် အကောက်ခွန်သက်သာခွင့်အား ငြင်းပယ်ရသည့် အကြောင်း ရင်းများကို အကြောင်းကြားရာတွင် အသေးစိတ်ပြည့်စုံစွာ ဖော်ပြရမည် ဖြစ်သည်။

## စည်းမျဉ်း ၃၁

## အီလက်ထရောနစ်စနစ်ဖြင့် မှတ်တမ်းသိမ်းဆည်းခြင်းနှင့် ဒေတာထိန်းသိမ်းခြင်း

၁။ စည်းမျဉ်း ၁၈ နှင့် ၁၉ အရ စစ်ဆေးအတည်ပြုရန်အတွက် ပင်ရင်းနိုင်ငံ အီလက်ထရောနစ် သက်သေခံလက်မှတ် (အီလက်ထရောနစ်-Form D) ထုတ်ပေးရန် လျှောက်ထားသော ကုန်ထုတ်လုပ်သူနှင့် သို့မဟုတ် တင်ပို့သူသည်တင်ပို့သည့်အဖွဲ့ဝင်နိုင်ငံ၏ ဥပဒေများ၊ စည်းမျဉ်းများကို လိုက်နာ၍ အဆိုပါသက်သေခံလက်မှတ် (အီလက်ထရောနစ်-Form D) ကို လျှောက်ထားခြင်းအတွက် အထောက်အကူပြုမှတ်တမ်းများအား

သက်သေခံလက်မှတ် (အီလက်ထရောနစ်-Form D) ထုတ်ပေးသည့်ရက်စွဲမှ (၃) နှစ်အထိ သိမ်းဆည်းထားရန်အတွက် ပေးအပ်ရမည်ဖြစ်သည်။

၂။ ထောက်ခံချက်လက်မှတ်ထုတ်ပေးခွင့်ရှိသည့် အာဏာပိုင်သည် ပင်ရင်းနိုင်ငံ အီလက်ထရောနစ် သက်သေခံလက်မှတ် (အီလက်ထရောနစ်-Form D) ကို လျှောက်ထားချက်အပြင် အဆိုပါ လျှောက်ထားချက်နှင့် ဆက်စပ်သော စာရွက်စာတမ်းများအားလုံးကို အဆိုပါ သက်သေခံလက်မှတ် (အီလက်ထရောနစ်-Form D) အား ထုတ်ပေးသည့်ရက်စွဲမှ (၃) နှစ်အထိ ထိန်းသိမ်းထားရှိရမည်ဖြစ်သည်။

၃။ တင်သွင်းသည့် အဖွဲ့ဝင်နိုင်ငံက တောင်းဆိုပါက ပင်ရင်းနိုင်ငံအီလက်ထရောနစ် သက်သေခံ လက်မှတ် (အီလက်ထရောနစ်-Form D) ၏ တရားဝင်မှုနှင့် စပ်လျဉ်းသောအချက်အလက်များကိုသက်သေခံလက်မှတ်ထုတ်ပေးခွင့်ရှိသည့် အာဏာပိုင်ရုံးရှိ အခွင့်အာဏာရှိသော အရာရှိမှ ပံ့ပိုးပေးရမည်ဖြစ်သည်။

၄။ အဖွဲ့ဝင်နိုင်ငံများကြားတွင် ဆက်သွယ်ပြောဆိုထားသော အချက်အလက်များကို လျှို့ဝှက်အဖြစ် ကိုင်တွယ်ဆောင်ရွက်ရမည်ဖြစ်ပြီး ပင်ရင်းနိုင်ငံ အီလက်ထရောနစ် သက်သေခံလက်မှတ် (အီလက်ထရောနစ်- Form D) တရားဝင်ကြောင်း စစ်ဆေးရန်အတွက်သာ အသုံးပြုရမည်ဖြစ်သည်။

နောက်ဆက်တွဲ(၂)

## ပင်ရင်းကြေညာချက်လက်မှတ်မူရင်း၏ ရည်ညွှန်းပုံစံ

အဆိုပါပုံစံသည် ရည်ညွှန်းထားသော လမ်းညွှန်အဖြစ် သဘောသက်ရောက်ပြီး ထောက်ခံချက် လက်မှတ်ရရှိထားသော အတည်ပြုပို့ကုန် တင်ပို့သူသည် လိုအပ်သည့်အချက်အလက်များပါရှိသော အခြားပုံစံများကိုလည်း အသုံးပြုနိုင်ပါသည်။

| ကုန်ပစ္စည်းများ၏ အမည် | ဂဏန်း ခြောက်လုံးပါ HS သို့မဟုတ် AHTN ကုဒ် | ပင်ရင်းနိုင်ငံ အပ်နှင်းမှု စံနှုန်း | ဒေသတွင်း တန်ဖိုးပါဝင်မှုပမာဏ နှင့်ဆိုင်သော ပင်ရင်းနိုင်ငံ၏ စံနှုန်းကိုအသုံးပြုသောအခါ FOB စျေးနှုန်း | ကုန်ပစ္စည်း အရေအတွက် | ကုန်အမှတ် တံဆိပ် မှတ်ပုံတင် ရှိပါက ကုန်အမှတ်တံဆိပ် မှတ်ပုံတင် |
|---|---|---|---|---|---|
| | | | | | |

ဤစာရွက်စာတမ်း၌ အကျုံးဝင်သောကုန်ပစ္စည်း(များ) တင်ပို့သူ (အတည်ပြုပို့ကုန် တင်ပို့သူ တရားဝင်ခွင့်ပြုကုဒ်– 0000/XXXX) သည် အခြားတစ်နည်းအားဖြင့် ရှင်းလင်းစွာဖော်ပြထားသည့်အခါမှလွဲ၍ ကုန်ပစ္စည်းများသည် ATIGA (အာဆီယံတွင်းရှိ ပင်ရင်းနိုင်ငံ–.........) အောက်တွင် ထုတ်လုပ်သောကုန်ပစ္စည်းများအဖြစ် မှတ်ယူရန် ပင်ရင်းနိုင်ငံ စည်းမျဉ်းများနှင့် ကိုက်ညီကြောင်း ကြေညာအပ်ပါသည်။

လက်မှတ်

လက်မှတ်ရေးထိုးခွင့်ရှိသူ၏စကန်ဖတ်ထားသော/

တံဆိပ်တုံးထုထားသောအမည်

၁။ ပင်ရင်းနိုင်ငံထောက်ခံချက်လက်မှတ် ထုတ်ပေးမှုစံနှုန်းနှင့်စပ်လျဉ်းသော ရည်ရွယ်ချက်များအတွက်–

| | |
|---|---|
| (က) ATIGA ၏ အပိုဒ်ခွဲ ၂၇ (အပြည့်အဝ ပြည်တွင်းထုတ်ကုန်) နှင့်အညီ တင်ပို့သည့် အဖွဲ့ဝင်နိုင်ငံမှ အလုံးစုံရရှိသည့် သို့မဟုတ် ထုတ်လုပ်သည့်ကုန်ပစ္စည်း | "WO" |
| (ခ) ATIGA ၏အပိုဒ်ခွဲ ၂၈ နှင့်အညီ (အပြည့်အဝ ပြည်တွင်း ထုတ်ကုန်) ကုန်ပစ္စည်းများ<br>• ဒေသတွင်းတန်ဖိုးပါဝင်မှု ပမာဏ<br>• အကောက်ခွန်အမျိုးအစား ပြောင်းလဲမှု<br>• အသေးစိတ် လုပ်ငန်းစဉ်များ<br>• ပေါင်းစပ်တွက်ချက်မှု စံနှုန်း | ဒေသတွင်းတန်ဖိုးပါဝင်မှုပမာဏ ရာခိုင်နှုန်း၊ ဥပမာ "၄၀%"<br>အမှန်တကယ်ကိုက်ညီရမည့်CTC စည်းမျဉ်း၊ ဥပမာ "CC" "CTH" သို့မဟုတ် "CTH" သို့မဟုတ် "CTSH"<br>"SP"<br>လက်တွေ့ ပေါင်းစပ်မှုစံနှုန်း၊ ဥပမာ "CTSH+ ၃၅%" |
| (ဂ) ATIGA ၏ အပိုဒ်ခွဲ ၃၀ (တစ်စိတ် တစ်ပိုင်း ပေါင်းစပ် ပါဝင်ခြင်း) အောက်ရှိ အပိုဒ်ခွဲ ၂ နှင့်ညီညွတ်သော ကုန်ပစ္စည်းများ | "PCx%"၊ x သည် ၄၀% ထက်နည်းသော ဒေသတွင်းတန်ဖိုး ပါဝင်မှုပမာဏ၏ ရာခိုင်နှုန်းဖြစ်ခြင်း၊ ဥပမာ "PC ၂၅%" |

၂။ အတည်ပြုပို့ကုန်တင်ပို့သူသည် လိုအပ်သောအချက်အလက်များကို ထည့်သွင်းဖော်ပြခွင့် ရှိပါသည်။

## ကျောထောက်နောက်ခံပြု ထုတ်ပေးသည့်ပင်ရင်းနိုင်ငံ ကြေညာချက်လက်မှတ်၏ ရည်ညွှန်းပုံစံ(FORM)

အဆိုပါ Form သည် ရည်ညွှန်းထားသောလမ်းညွှန်အဖြစ် သဘောသက်ရောက်ပြီး အတည်ပြု ပို့ကုန်တင်ပို့သူသည် လိုအပ်သည့် အချက်အလက်များပါရှိသော အခြား Form များကိုလည်း အသုံးပြုနိုင်ပါသည်။

| ကုန်ပစ္စည်းများ၏ အမည် | ဂဏန်းခြောက်လုံးပါ HS (သို့) AHTN ကုဒ် | ပင်ရင်းနိုင်ငံ ထောက်ခံချက် လက်မှတ် ထုတ်ပေးမှု စံနှုန်း | ပထမဆုံး တင်ပို့သည့် နိုင်ငံ၏ ပင်ရင်းနိုင်ငံ | ဒေသတွင်း တန်ဖိုး ပါဝင်မှု ပမာဏ နှင့်ဆိုင်သော ပင်ရင်းနိုင်ငံ၏ စံနှုန်းကိုအသုံးပြုသောအခါ FOB ဈေးနှုန်း | ကုန်ပစ္စည်း အရေအတွက် | ကုန်အမှတ် တံဆိပ် မှတ်ပုံတင် ရှိပါက ကုန်အမှတ် တံဆိပ် မှတ်ပုံတင် | ပင်ရင်းနိုင်ငံ ထောက်ခံချက် လက်မှတ် မူရင်းပေါ်တွင် ဖော်ပြထားသော အကိုးအကား နံပါတ် | ပင်ရင်းနိုင်ငံ ထောက်ခံ ချက် လက်မှတ် ထုတ်ပေး သည့် ရက်စွဲ | အကယ်၍ ဖြစ်နိုင်ပါက ပထမဆုံး တင်ပို့သည့် နိုင်ငံ၏ အတည်ပြု ပို့ကုန် တင်ပို့သူ၏ တရားဝင် ခွင့်ပြုကုဒ် |
|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | |

ဤစာရွက်စာတမ်း၌ အကျုံးဝင်သော ကုန်ပစ္စည်း(များ) အတည်ပြုပို့ကုန်တင်ပို့သူ (အတည်ပြု ပို့ကုန်တင်ပို့သူတရားဝင်ခွင့်ပြုကုဒ်– 0000/XXXX) သည် အခြားတစ်နည်းအားဖြင့် ရှင်းလင်းစွာ ဖော်ပြထားသည့်အခါမှလွဲ၍ ကုန်ပစ္စည်းများသည် ATIGA (အာဆီယံတွင်းရှိ ပင်ရင်းနိုင်ငံ– ......) အောက်တွင် ထုတ်လုပ်သော ကုန်ပစ္စည်းများအဖြစ် မှတ်ယူရန် ပင်ရင်းနိုင်ငံစည်းမျဉ်းများနှင့် ကိုက်ညီကြောင်း ကြေညာအပ်ပါသည်။

လက်မှတ်

လက်မှတ်ရေးထိုးခွင့်ရှိသူ၏စကန်ဖတ်ထားသော/တံဆိပ်တုံးထုထားသောအမည်

၁။ ပင်ရင်းနိုင်ငံထောက်ခံချက်လက်မှတ် အပ်နှင်းမှုစံနှုန်းနှင့်စပ်လျဉ်းသော ရည်ရွယ်ချက်များအတွက်–

| | |
|---|---|
| (က) ATIGA ၏ အပိုဒ်ခွဲ ၂၇ (အပြည့်အဝ ပြည်တွင်းထုတ်ကုန်) နှင့်အညီ အတည်ပြုပို့ကုန် တင်ပို့သည့် အဖွဲ့ဝင်နိုင်ငံမှ အလုံးစုံရရှိသည့် သို့မဟုတ် ထုတ်လုပ်သည့် ကုန်ပစ္စည်း | "WO" |
| (ခ) ATIGA ၏ အပိုဒ်ခွဲ ၂၈ နှင့်အညီ (အပြည့်အဝ ပြည်တွင်း ထုတ်ကုန်) ကုန်ပစ္စည်းများ | |
| • ဒေသတွင်းတန်ဖိုးပါဝင်မှုပမာဏ | ဒေသတွင်းတန်ဖိုး ပါဝင်မှုပမာဏ ရာခိုင်နှုန်း၊ ဥပမာ "၄၀%" |
| • အကောက်ခွန်အမျိုးအစားပြောင်းလဲမှု | အမှန်တကယ် ကိုက်ညီရမည့် CTC စည်းမျဉ်း၊ ဥပမာ "CC" သို့မဟုတ် "CTH" သို့မဟုတ် "CTSH" |
| • အသေးစိတ်လုပ်ငန်းစဉ်များ | "SP" |
| • ပေါင်းစပ်တွက်ချက်မှုစံနှုန်း | လက်တွေ့ပေါင်းစပ်မှုစံနှုန်း၊ ဥပမာ "CTSH+၃၅%" |
| (ဂ) ATIGA ၏ အပိုဒ်ခွဲ ၃၀ (တစ်စိတ်တစ်ပိုင်း ပေါင်းစပ် ပါဝင်ခြင်း) ပါ အပိုဒ် ၂ နှင့်ညီညွတ်သော ကုန်ပစ္စည်းများ | "PC x%"၊ x သည်၄၀% ထက်နည်း သော ဒေသတွင်းတန်ဖိုး၏ ရာခိုင်နှုန်း ဖြစ်ခြင်း၊ ဥပမာ "PC ၂၅%" |

၂။ အတည်ပြုပို့ကုန်တင်ပို့သူသည် လိုအပ်သောအချက်အလက်များကို ထည့်သွင်းဖော်ပြခွင့်ရှိပါသည်။